
THE INTERNATIONAL BESTSELLER

mgyoe.com
SAMPLE BOOK

# ခြေလှမ်းများ၏ ခေါ်ဆောင်ရာ

စုမြတ်ချစ် (မြန်မာပြန်)



# The Boy and the Dog

Seishu Hase

mgyoe.com

mgyoe.com SAMPLE BOOK



သခင်နဲ့ မထင်မှတ်ဘဲ ကွဲကွာသွားတဲ့ ခွေးကလေး တာမွန်....

သူ့သခင်ကို ရှာဖွေရင်း ခဏတာ ဆုံတွေ့တွယ်ငြိခဲ့တဲ့

လူတွေရဲ့ဘဝကို သင်ခန်းစာ တစ်ခုချင်းစီ ပေးသွားခဲ့တယ်။

သူ့သခင်နဲ့ ပြန်လည်ဆုံဆည်းနိုင်ပါ့မလား။

ISBN 978-99986-52-76-7
9 789998 652767 >
K0554

mgyoe.com

COVER DESIGN LKH2025

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇမေလ၊ ၂၀၂၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- လွင်ကိုထိုက်

တန်ဖိုး - ၁၃၅၀၀ ကျပ်


mgyoe.com

mgyoe.com

SAMPLE BOOK

# ခြေလှမ်းများ၏ ခေါ်ဆောင်ရာ

စုမြတ်ချစ် (မြန်မာပြန်)



## The Boy and The Dog

by

**Seishu Hase**


mgyoe.com

mgyoe.com SAMPLE BOOK

# THE BOY AND THE DOG

A NOVEL 少年と犬 SEISHU HASE

TRANSLATED FROM THE JAPANESE BY ALISON WATTS



mgyoe.com

mgyoe.com
SAMPLE BOOK

# အပိုင်း (၁)

# ယောကျ်ားတစ်ယောက်နှင့် ခွေး

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

ကုန်မျိုးစုံဆိုင်ရဲ့ ကားပါကင်ဝင်း ထောင့်ဘက်မှာ ခွေးကလေး တစ်ကောင်။ လည်ပတ်ပါပေမဲ့ လည်ပတ်ကြိုးတော့ မတွေ့မိ။ ခွေးကလေးက ပိန်ခြောက်ခြောက် ဆိုပေမဲ့ နီးနီးကြားကြား ရှိနေပုံ။ သူ့ပိုင်ရှင်က ဆိုင်ထဲမှာ ဖြစ်နိုင်တယ်။ ဒါမှမဟုတ်ရင် ကပ်ဘေးဒုက္ခသည် တစ်ယောက်ယောက်ရဲ့ ခွေး ဖြစ်မှာပေါ့လေ။ ကာဇူမာဆာ နာကာဂါကို ကားရပ်ရင်း ဒါတွေ တွေးနေမိတယ်။

ငလျင်၊ ဆူနာမီ၊ အဏုမြူ ဓာတ်ပေါင်းဖို မတော်တဆ ပျော်ကျမှု ဆိုတဲ့ ကပ်ဘေး သုံးမျိုး ဖြစ်ပြီးတာ ခြောက်လ ရှိပြီပဲ။ ရွှေ့ပြောင်းဒုက္ခသည် စခန်းတွေမှာတော့ နေထိုင်နေကြတဲ့ လူတွေ ရှိနေဆဲ။ အိမ်မွေးတိရစ္ဆာန်လေးတွေကို စခန်းမှာ နေထိုင်ခွင့် မပြုလို့ ကားထဲမှာ အိပ်ကြတဲ့ လူတွေလည်း ရှိပါရဲ့။

ကာဇူမာဆာက ဆိုင်ထဲ ဝင်ပြီး ကော်ဖီ၊ စီးကရက်၊ မုန့်ချိုလိပ် ဝယ်တယ်။ ဝယ်ခြမ်းစရာတွေ ဝယ်၊ ကော်ဖီစက်ကနေ ကော်ဖီယူလို့ အပြီးမှာတော့ ပြာခွက်ရှိရာ အပြင်ကို ထွက်လာပြီး စီးကရက် မီးညှိတယ်။ မုန့်ချိုလိပ်ကို ဖြေလိုက်ပြီး စီးကရက်တစ်ဖွာ ဖွာရင်း အသံမြည်အောင် ဝါးစားတော့တယ်။

ခွေးကလေးက ခုနနေရာမှာပဲ ရှိနေတုန်း။ ကာဇူမာဆာ့ကို ငေးစိုက်ကြည့်နေတယ်။

"ထူးဆန်းလိုက်တာ..."

mgyoe.com

mgyoe.com SAMPLE BOOK


ကာဇူမာဆာ မျက်မှောင်ကြုတ်လိုက်တယ်။ ဆိုင်ထဲမှာ တခြား ဘယ်သူ့ကိုမှ မတွေ့ခဲ့ဘူး။ ပြီးတော့ ကားရပ်ထားတာကလည်း သူ့ကား တစ်စီးတည်း။

"မင်းရဲ့ သခင်က အိမ်သာထဲမှာလား" လို့ သူက ခွေးကလေးကို မေးလိုက်တယ်။

ခွေးကလေးကတော့ တုံ့ပြန်တဲ့အနေနဲ့ အနားတိုးလာလေရဲ့။

သူ့ကြည့်ရတာ ဂျာမန်သိုးထိန်းခွေး အစပ်။ သိုးထိန်းခွေးနဲ့ ပုံပန်းသဏ္ဌာန် ဆင်တူပေမဲ့ ဒီခွေးကလေးက နည်းနည်းတော့ သေးတယ်။ နှာခေါင်းရှည်ရှည်နဲ့ နားရွက်ချွန်ချွန်တွေ။

ခွေးကလေးက ကာဇူမာဆာ့ဆီ လာပြီး ရှေ့မှာ ရပ်လိုက်တယ်။ နှာခေါင်းကို အပေါ်မော့ပြီး နှာရှုပ်အနံ့ခံနေတာ။ စီးကရက်ကို စိတ်မဝင်စားတာတော့ သေချာတယ်။

"ဒါကို အနံ့ခံနေတာလား" လို့ ကာဇူမာဆာက ခွေးကလေးရဲ့ ခေါင်းပေါ်မှာ မုန့်ချိုလိပ်ကို ဝှေ့ယမ်းပြလိုက်တယ်။ ခွေးကလေးရဲ့ ပါးစပ်ကနေ သွားရည်တမျှားမျှား ကျနေရဲ့။

"ဗိုက်ဆာနေတာလား ကောင်လေး"

ကာဇူမာဆာက မုန့်တစ်ဖဲ့ ဖဲ့၊ သူ့လက်ဝါးပေါ် တင်ပြီး ခွေးကလေးရဲ့ ပါးစပ်နား ချပေးလိုက်တယ်။ ခွေးကလေးက ပေါင်မုန့်ကို မစားခင် အချိန်ယူ အနံ့ခံနေသေးတယ်။

"ဟုတ်တာပေါ့၊ မင်း ဗိုက်ဆာနေတာပဲ၊ ခဏစောင့်ဦး"

ကာဇူမာဆာက စီးကရက်ကို ဖိခြေပြီးမီးသတ်၊ ကော်ဖီခွက်ကို ပြာခွက်ပေါ် တင်ပြီး လက်ကျန်မုန့်ကို ပါးစပ်ထဲ သွတ်ထည့် တစ်ကိုက်တည်း စားလိုက်တယ်။ ဆိုင်ထဲ ပြန်ဝင်ပြီး ကြက်ပေါင်လို့ တံဆိပ် ကပ်ထားတဲ့ ခွေးစာကို ရွေးဝယ်တယ်။ သူ့လှုပ်ရှားမှု မှန်သမျှကို ခွေးကလေးက ပြတင်းပေါက်ကနေ မျက်ခြည်မပြတ် လှမ်းကြည့်နေတယ်။

"အဲဒီခွေးက တစ်ယောက်ယောက်ရဲ့ ခွေးလားဗျ" လို့ ကာဇူမာဆာက ငွေကိုင်စာရေးကို မေးတယ်။ သူက အပြင်ကို တစ်ချက် လှမ်းကြည့်ပြီး စိတ်မပါသလိုနဲ့ ပြန်လှည့်လာတယ်။

"တစ်မနက်လုံး အပြင်မှာ ရှိနေတာ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့ကို ဖုန်းဆက်ဖို့တောင် ကျွန်တော် စဉ်းစားနေတာဗျ"

mgyoe.com

mgyoe.com SAMPLE BOOK


"အို့... သိပြီ၊ သိပြီ"

ကာဇူမာဆာလည်း အစာခြောက် ယူပြီး အပြင်ကို ပြန်ထွက်လာတယ်။ ခွေးကလေးက အမြီးနန့်နေလေရဲ့။

"ဒီမှာ ရော့... မင်းအဲတွက်" လို့သူက ပြောရင်း အထုပ်ကို ဖောက်ပေးပြီး ခွေးကလေးကို အစာခြောက် တစ်ချောင်း ပေးတယ်။ ခွေးက အငမ်းမရ မျိုချလိုက်တယ်။ အဲဒီနောက် နောက်တစ်ချောင်း။ တစ်ချောင်းပြီး တစ်ချောင်း စားလိုက်တာများ ခဏလေးအတွင်း အကုန် ကုန်သွားရောပဲ။

"မင်း တော်တော် ဗိုက်ဆာနေတာပဲကွာ"

ကာဇူမာဆာက ခွေးကလေးရဲ့ ခေါင်းကို လှမ်းပုတ်လိုက်တယ်။ ခွေးက စူးစမ်းနေရဲ့။ ဖော်ရွေပုံ မရသလို သတိရှိပုံလည်း မပေါ်ဘူး။

"ကြည့်ရအောင်" ဆိုပြီး ကာဇူမာဆာက ခွေးကလေးရဲ့ လည်ပတ်ကို စစ်ဆေးလိုက်တယ်။ သားရေလည်ပတ်မှာ စာသားထွင်းထားတဲ့ ကတ်ပြား ကလေး ပါတယ်။

"တာမွန်... မင်းနာမည် ဟုတ်လား၊ ထူးဆန်းလိုက်တာ"

နာမည်ကတ်ပြားမှာ ပိုင်ရှင်ရဲ့ လိပ်စာတို့၊ ဖုန်းနံပါတ်တို့များ ပါမလားလို့ ကာဇူမာဆာက မျှော်လင့်မိပေမဲ့ ခွေးကလေးနာမည်ပဲ တွေ့ရတယ်။

ကာဇူမာဆာက နောက်ထပ် ဆေးလိပ်တစ်လိပ် မီးညှိပြီးနောက် ကော်ဖီတစ်ငုံ သောက်လိုက်တယ်။ ခွေးကလေး တာမွန်ကတော့ သူ့ဘေးမှာပဲ။ အစာတောင်းတာ၊ သူ့ကို ပွတ်သပ်ပေးစေချင်တာ မဟုတ်ဘဲ ဘေးနားလေးမှာပဲ ရှိနေတာ။ သူ့ကို အစာကျွေးလို့ အပြန်အလှန်အနေနဲ့ ယဉ်ယဉ်ကျေးကျေး ပြုမူနေသယောင်။

"ငါ သွားရတော့မယ်" လို့ ကာဇူမာဆာက ဆေးလိပ်သောက်ပြီးတာနဲ့ တာမွန်ကို အသိပေးလိုက်တယ်။ သူက အလုပ်ချိန်မှာပဲ ရှိနေဆဲမို့ အဆာပြေ စားချင်လို့သာ ကုန်မျိုးစုံဆိုင်မှာ ကားခဏ ရပ်လိုက်တာ။

ဘေးဒုက္ခကပ်ဆိုက်တာတွေ ဖြစ်ပြီးနောက် ကာဇူမာဆာ အလုပ်လုပ်ခဲ့တဲ့ ပင်လယ်စာစက်ရုံက ဒေဝါလီ ခံသွားတယ်။ အခု အလုပ်မရခင် သူ့ရဲ့ မစုံမဗိုဲ့ စုငွေလေးတွေနဲ့ ရတတ်ရာရာ ရှာဖွေ စားသောက်နေတာ။ အလုပ်ပြုတ်သွားလို့ မဖြစ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


ကာဇူမာဆာ ကားထဲ ဝင်ထိုင်ပြီး ကော်ဖီခွက်ကို ခွက်အံထဲ ထည့်လိုက်တယ်။ ကားစက်နှိုးပြီး ဂီယာ ထိုးလိုက်တယ်။

တာမွန်က ပြာခွက်ဘေးနားမှာပဲ မလှုပ်မယှက် ရှိနေဆဲ။ ကာဇူမာဆာ့ကို ငေးစိုက်ကြည့်နေရဲ့။

ကာဇူမာဆာ့ ခေါင်းထဲမှာ ငွေကိုင်စာရေးရဲ့ *'ကျွန်တော် ပြည်သူ့ကျန်းမာရေးအဖွဲ့ကို ဖုန်းဆက်မလို့ တွေးနေတာ'* ဆိုတဲ့ စကားပဲ တဝဲလည်လည် ဖြစ်နေတယ်။

*'တာဝန်ရှိသူတွေ ခွေးကလေးကို ခေါ်သွားရင် ဘယ်လို လုပ်မလဲ'*

သူ့ခေါင်းထဲ အဲဒီအတွေး ဝင်လာတာနဲ့ ကာဇူမာဆာ ကိုယ်ကို ကိုင်းပြီး ခရီးသည်ဘက်ခြမ်း ကားတံခါးကို ဖွင့်လိုက်တယ်။

"ဝင်ခဲ့" လို့ သူ ခေါ်လိုက်တယ်။

တာမွန် ပြေးလာပြီး ရှေ့ထိုင်ခုံပေါ် ခုန်ဝင်တယ်။

"ငြိမ်ငြိမ် ထိုင်နေ၊ ကားထဲတော့ အီးမပါနဲ့"

တာမွန် ကားပေါ် ထိုင်ပြီး ကြည့်နေတာများ သူ့တစ်ဘဝလုံး ဒီမှာ ထိုင်စီးခဲ့သလိုပဲ။

+

"ဟေး... ခွေးက ကားပေါ်မှာ ဘာလုပ်နေတာလဲ"

နူမာဂူချီက ပိုက်ဆံ ရေနေရင်း ခရီးသည်ထိုင်ခုံကို မသင်္ကာဖွယ် ကြည့်နေရဲ့။

တာမွန်က ကာဇူမာဆာကို လှည့်ကြည့်တယ်။

"ဒါ ကျွန်တော့်ခွေးအသစ်လေ" လို့ ကာဇူမာဆာက ပြန်ပြောတယ်။

"မင်းမှာ ခွေး မွေးရလောက်အောင် အပိုပိုက်ဆံ မရှိတာ မသိဘူးလား"

နူမာဂူချီက စာအိတ်ထဲ ငွေပြန်ထည့်ပြီး စီးကရက်ကို သူ့ပါးစပ်နား တေ့တယ်။ ကာဇူမာဆာက ချက်ချင်းပဲ မီးခြစ်ပေးလိုက်တယ်။

နူမာဂူချီက အထက်တန်းတုန်းက ကာဇူမာဆာရဲ့ စီနီယာ။ သူက အမြဲတစေ နာမည်ဆိုးနဲ့ ကျော်ကြားပြီး ကျောင်းက ထွက်ပြီးတာနဲ့ ဆန်ဒိုင်း မြေအောက်လောကမှာ လေလွင့်နေတာ။ ပုံမှန်အလုပ်တော့ မရှိဘူးပေါ့လေ။ သူက

mgyoe.com

mgyoe.com


ယာကူဇာလူဆိုးဂိုဏ်းမှာ တရားဝင်အဖွဲ့ဝင် မဟုတ်ပေမဲ့ အဖွဲ့ဝင်လိုလို ပြုမူတတ်တယ်။ သူ့လက်ရှိအလုပ်ကတော့ ခိုးရာပါပစ္စည်းတွေကို ပြန်ရောင်းတာ။

ကာဇူမာဆာက သူ့ စုဌွေတွေ ကုန်သလောက် ဖြစ်သွားတဲ့ အချိန်မှာ နူမာဂူချိဆီ ကပ်ရတော့တယ်။ ကာဇူမာဆာကို ပစ္စည်းပို့ဒရိုင်ဘာအနေနဲ့ အလုပ်ပေးတယ်။

"အင်း... ပြောရမှာ ခပ်ရှုပ်ရှုပ်ပဲ" လို့ ကာဇူမာဆာ ဝေ့လည်ကြောင်ပတ် ဖြေလိုက်တယ်။ သူသာ ပစ္စည်းပို့ရင်း ခွေးကိုခေါ်တင်ခဲ့တယ်လို့ ပြောထွက်သွားရင် သူ့ပါးစပ်နား လက်သီး ရောက်လာမှာ အသေအချာပဲ။

"ခြောက်လ ကြာသွားပြီ ထင်တယ်၊ လူတွေလဲ သူတို့ခွေးတွေကို မစောင့်ရှောက်နိုင်တော့တာပဲ ဖြစ်ရမယ်" လို့ နူမာဂူချိက ပြောရင်း ဆေးလိပ်ငွေ့တွေကို ပတ်ပတ်လည် မှုတ်ထုတ်လိုက်တယ်။

သူတို့တွေဟာ ဆန်ဒိုင်းလေဆိပ်နားက ကုန်လှောင်ရုံနယ်မြေရဲ့ ထောင့်ဘက်နားမှာ။ အရှေ့ဘက်ကို ကြည့်လိုက်ရင် ပစိဖိတ်သမုဒ္ဒရာကို မြင်ရတယ်။ ကပ်ဘေးတွေ မဖြစ်ခင်ကတော့ ဒီနေရာတစ်ဝိုက် ကုန်လှောင်ရုံမျိုးစုံ ပြည့်နှက်နေတော့တာ။ အဲဒါတွေ အကုန်လုံးကို ဆူနာမီရေလှိုင်း လွှမ်းမိုးသွားတယ်။

"ဒီနေရာက လွန်ခဲ့တဲ့ ခြောက်လတုန်းကထက် ပိုကောင်းတယ်။ ဒါပေမဲ့ အရင်တုန်းကလိုတော့ ပြန်မဖြစ်တော့ဘူး"

မြို့တော်ကတော့ နစ်မြုပ် ပြိုလဲ၊ အပျက်အစီးတွေ ပြန့်ကြဲနေတဲ့ လမ်းတွေကို ပြုပြင်နိုင်ခဲ့ပေမဲ့ ပြန်လည်တည်ထောင်ရေးက များများစားစားတော့ ခရီးမပေါက်သေးဘူး။ နူမာဂူချိက သယ်ယူပို့ဆောင်ရေး ကုမ္ပဏီကနေ ကုန်လှောင်ရုံတစ်ရုံ ငှားထားတယ်။ သူ့အပြောအရ ကုမ္ပဏီက အလုပ်တွေ ပါးလာတော့ အဆင်မပြေ ဖြစ်နေတယ်တဲ့။ ဒါကြောင့် သူတို့ဆီ သွားပြီး လျှော့ဈေးနဲ့ ငှားဖို့ ညှိနှိုင်းခဲ့တာ တဲ့လေ။

"ရဲတွေ အနားရောက်လာရင် သူ ဟောင်ဖို့ မင်း လေ့ကျင့်ပေးနိုင်မလား ကြည့်ကြတာပေါ့" လို့ နူမာဂူချိက ပြောတယ်။

"လုပ်နိုင်ပါ့မလား မပြောတတ်ဘူးဗျာ"

"မင်း လုပ်နိုင်တာပေါ့ကွာ။ ခွေးတွေက သိပ်ကို ပါးနပ်ကြတာ"

"အိုကေ... ကြိုးစားကြည့်တာပေါ့"

mgyoe.com

mgyoe.com  SAMPLE BOOK 

"အင်း... လုပ်စမ်းပါကွာ။ ဒါနဲ့ မင်းကို အကူအညီ တောင်းစရာ ရှိတယ်"

"ဘာများလဲ"

"အလုပ် ထပ်လိုချင်လား။ ရမှာကတော့ မြိုးမြိုးမြက်မြက်ပဲနော်။ မင်း ဆူဂိုလမ်းကြောင်းမှာ ပြိုင်ကားငယ်တွေ စီးနေကျ မဟုတ်လား"

"ငယ်ငယ်တုန်းကပေါ့ဗျာ" လို့ ကာဇူမာဆာက ဖြေတယ်။ အလယ်တန်း ကျောင်း ပြီးတဲ့အချိန်လောက်ထိ သူက ပိတ်ရက်တိုင်းမှာ ပြိုင်ကားငယ် စီးနေကျ ဆိုတာ မှန်တာပေါ့။ ဖော်မြူလာဝမ်း ကားမောင်းသူ ဖြစ်ချင်ခဲ့တာကိုး။ ဒါပေမဲ့ သူ့ အရည်အချင်းက သာမန်ထက် မပိုတာကို သဘောပေါက်သွားတော့ အလယ်တန်း တတိယနှစ်မှာပဲ လက်လျှော့လိုက်တယ်။

"အင်း... အလေ့အကျင့်တော့ ရှိခဲ့တာပဲလေ။ ဆူဇူကီးကလဲ အထင်ကြီး နေတာ။ မင်း သူ့အတွက် မောင်းပေးခဲ့တယ် မဟုတ်လား"

"အင်း"

ဆူဇူကီးက နူမာဂူချိအတွက် သွေးသောက် ညီအစ်ကိုလိုပဲ။ လွန်ခဲ့တဲ့ နှစ်ပတ်တုန်းက ကာဇူမာဆာက ဆူဇူကီးကို ကုန်လှောင်ရုံကနေ ဆန်ဒိုင်းဘူတာ ထိ မောင်းပို့ပေးခဲ့တယ်။

"မင်းရဲ့ အရှိန်နဲ့ အကွေ့အချိုးတွေက ရိုးရှိုက်စ် စီးနေရသလို ချောမွေ့နေ တာပဲလို့ သူ ပြောတယ်။ ကားအိုကြီးထဲ စီးနေရတယ်လို့တောင် မထင်ရဘူးတဲ့"

ကာဇူမာဆာလည်း အပြင်းအထန် စဉ်းစားနေတော့တယ်။ သူ ဘယ်လို တုံ့ပြန်ရမှန်း မသိဘူး။

"မင်း မောင်းနိုင်မှာ သေချာပါတယ်။ ပြိုင်ကားငယ်တော့ မဟုတ်ဘူး ပေါ့"

"ကျွန်တော့် ကားမောင်းစွမ်းရည်က သာမန်ထက် နည်းနည်း ပိုကောင်း လာတယ် ထင်တာပဲ"

"ဟုတ်တယ်၊ ဒါဆို ကားမောင်းတာနဲ့ ပတ်သက်ပြီး တစ်ခုခု လုပ်ရမယ် ဆိုရင်ကော ဘယ့်နှယ်လဲ"

"ဘာများလဲဗျ"

နူမာဂူချိက မီးသေနေတဲ့ စီးကရက်ကို အဝေးကို တောက်လိုက်တယ်။

"နိုင်ငံခြားသားတချို့အတွက် အကူအညီပေးဖို့ ငါ့ကို တောင်းဆိုထား

mgyoe.com

mgyoe.com  SAMPLE BOOK 

တယ်။ သူခိုးဂိုဏ်းပေါ့ကွာ။ အမိန့်ထက် ပိုတယ်လို့တော့ ပြောလို့ ရတယ်။ ငြင်းလို့ မရဘူး"

"နိုင်ငံခြားသား သူခိုးဂိုဏ်းလား"

"မင်းကွာ... အသံတိုးတိုး ပြောစမ်းပါ"

ကာဇူမာဆာလည်း သူ့ခေါင်းကို အပုတ်ခံလိုက်ရလို့ ပါးစပ်ကို လက်နဲ့ ပိတ်မိသွားတယ်။

"မင်းအလုပ်က သူတို့ စားပြတိုက်ပြီးတဲ့အခါ သူတို့ ပုန်းခိုရာဆီ ပြန်မောင်း ပို့ပေးဖို့ပဲ"

ကာဇူမာဆာက နှုတ်ခမ်းကို လျှာနဲ့ သပ်လိုက်တယ်။ ခိုးရာပါပစ္စည်းတွေ ပို့ပေးတာက လိုအပ်လို့ လုပ်ရတာ။ မသိဘဲ လုပ်မိတာလို့ ချေပလို့ ရတယ်။ ဒါပေမဲ့ အမှုတစ်ခုခု ကျူးလွန်လိုက်တဲ့ သူခိုးတွေအတွက် ကားမောင်းပေးရတာကတော့ မတူတော့ဘူး။ အဖမ်းခံရရင် သူ့အနေနဲ့ ကြံ့ရာပါ ဖြစ်သွားမယ်။

"ငွေက မြိုးမြိုးမြက်မြက်နော်" လို့ နူမာဂူချီက ပြောရင်း သူ့ညာဘက် လက်ညှိုးနဲ့ လက်မကို အတူပွတ်ပြလေရဲ့။ နူမာဂူချီရဲ့ လက်ချောင်းတွေကို ကြည့် နေရင်း ကာဇူမာဆာ သူ့အမေနဲ့ အစ်မရဲ့ မျက်နှာတွေကို မြင်ယောင်လာမိတယ်။

"ကျွန်တော် စဉ်းစားလို့ ရမလား"

"အိုကေ... ဒါပေမဲ့ မြန်မြန် သိရမှ ဖြစ်မယ်။ ဒီအပတ်ထဲ ပြန်ပြောကွာ"

"စိတ်သာချ"

ကာဇူမာဆာက ကားကို လှမ်းငေးလိုက်တယ်။ ရုပ်တုတစ်ရုပ်အလား ငြိမ်သက်နေတဲ့ တာမွန်က သူ့ကို ကားထဲကနေ ငေးကြည့်နေလေရဲ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

ကာဇူမာဆာက ကုန်စုံဆိုင်က ဝယ်လာတဲ့ ခွေးစာတွေကို ပန်းကန်လုံးထဲ လောင်းချလိုက်ပြီး တာမွန့်ရှေ့ ချပေးတယ်။ တာမွန်က အငမ်းမရ စားပါလေရော။

"မင်း တော်တော် ဗိုက်ဆာနေတာပဲ ငါ့ကောင်ရေ။ အသားတော့ မရှိဘူးကွာ"

ကာဇူမာဆာက တာတာမီကြမ်းပြင်ပေါ် ခြေချိတ် ထိုင်ပြီး စီးကရက် သောက်ရင်း တာမွန် အစာစားနေတာကို ကြည့်နေတယ်။ ကားနဲ့ လာတုန်းက မီးပွိုင့်မှာ ရပ်တဲ့အခါတိုင်း သူ့ကိုယ်ကို ကိုင်းပြီး တာမွန့်ကို ပွတ်သပ်ပေးခဲ့တာ။ တာမွန့်ကိုယ်က အမွေးတွေအောက်မှာ ကြုံလှီနေရောပဲ။ နံရိုးတွေ ငေါထွက်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာ အနာဖေးတွေချည်းပဲ။

"မင်း ဘယ်ကနေ ရောက်လာတာလဲ သူငယ်ချင်းရေ"

တာမွန်က စားလို့ပြီးတော့ လျှာသပ်ပြီး တာတာမီဖျာပေါ် လာထိုင်တယ်။

"ဒီနား တိုးခဲ့"

သူက ကာဇူမာဆာ့နား တိုးလာတယ်။ ကာဇူမာဆာက သူ့ခေါင်းနဲ့ ရင်ဘတ်ကို ပွတ်သပ်ပေးတဲ့အခါ ကျေနပ်ပြီး မျက်လုံးတွေ မှေးစင်းနေရဲ့။ ကာဇူမာဆာ အရင်က ခွေးမမွေးဖူးသလို လိုလည်း မလိုချင်ခဲ့ဖူးဘူး။ ဒါပေမဲ့ ခုကောင်လေးကတော့ မဆိုးပါဘူးလေလို့ သူ တွေးမိတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သူ့ဖုန်း မြည်လာပြီး သူ့အစ်မ မာယုမိ ဆက်နေတာ။

"ဘာကိစ္စလဲဗျ"

"ထွေထွေထူးထူး မဟုတ်ပါဘူး။ နင် ဘာတွေ လုပ်နေလဲ သိချင်ရုံပါ"

မာယုမိ လိမ်နေတယ်ဆိုတာ ကာဇူမာဆာ အတပ်ပြောနိုင်တယ်။ မာယုမိခမျာ သူတို့အမေကို ပြုစုရလို့ ခြေကုန်လက်ပန်း ကျနေလောက်ပြီမို့ မကျေနပ်ချက်တွေ ထွက်ပေါက်ရှာဖို့ ဖုန်းခေါ်လိုက်တာ။ ဒါပေမဲ့ သူ့မောင်အသံ ကြားတာနဲ့ စိတ်ပြောင်းသွားရော။

"အမေ တစ်ခုခု ဖြစ်လို့လား"

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ ..."

မာယုမိ အသံ တိမ်ဝင်သွားပြီး သက်ပြင်းချလိုက်တယ်။

ပြီးခဲ့တဲ့နွေဦးမှာ ကာဇူမာဆာတို့ရဲ့ မိခင်မှာ အတိတ်မေ့ရောဂါရဲ့ အစောပိုင်း လက္ခဏာတွေ ပြစပြုလာတယ်။ သူ့ရောဂါလက္ခဏာတွေက ခဏတာတော့ မပြင်းထန်ခဲ့ပေမဲ့ ကပ်ဘေးတွေ ဖြစ်ပြီးနောက်ပိုင်း အရေးပေါ်ဘေးကင်းရာ ဂေဟာမှာ နေထိုင်နေတုန်း ပိုဆိုးလာတော့တယ်။ အကျွမ်းတဝင် ရှိတဲ့ နေရာကနေ ထွက်ခွာလာရတဲ့ ပူပင်သောကဒဏ်၊ လူတွေအများကြီးနဲ့ နေရတဲ့ ဘဝကို ကြံ့ကြံ့ခံရတာတွေဟာ အမေ့အတွက်တော့ သိပ်ကို များလွန်းနေပြီ။ အိမ်ကို သန့်ရှင်းရေး ပြန်လုပ်၊ ပြုပြင်ပြီး နေနေတာ နှစ်လလောက် ရှိပြီ။

မာယုမိဆီမှာ မြို့ထဲက တိုက်ခန်း ရှိခဲ့ပေမဲ့ ဆူနာမိ ဖြစ်ပြီးနောက် မိသားစုအိမ်ကိုပဲ ပြန်ပြောင်းလာဖို့ တိုက်ခန်းကို ရှိပါစေတော့ အနေနဲ့ပဲ ထားလိုက်တယ်။ သူ့အမေ ကျန်းမာရေး ယိုယွင်းလာပြီး တစ်ယောက်တည်း ရှန်းကန်နေရတာကို လက်ပိုက်ကြည့်နေလို့မှ မဖြစ်တာ။ ဒါပေမဲ့ မာယုမိလည်း စိတ်ပိုင်းဆိုင်ရာ ပူပင်သောကဒဏ်ကြောင့် ပိန်လှီပြီး ဖတ်ဖတ်မောနေပြီ။ သူက အသက် ၃၀ ကျော် ဖြစ်ပြီး ဘဝရဲ့ ထိပ်တန်းအချိန်အခါကို ရောက်နေပေမဲ့ အချိန်မတန်သေးဘဲ လူလတ်ပိုင်းအမျိုးသမီးပုံစံ ပေါက်နေတယ်။

"အို... ဆောရီးပါ မာယုမိရယ်။ ငါသာ အသုံးမဝင်တဲ့ကောင် မဟုတ်ရင် အရာရာ နည်းနည်းတော့ ပိုလွယ်အောင် လုပ်ပေးနိုင်မှာကွာ"

"ရပါတယ်၊ စိတ်မထိခိုက်ပါနဲ့"

"အင်း... ဒါပေမဲ့ ... ဒါနဲ့ ငါ ခွေးတစ်ကောင် ကောက်ရတယ်"

mgyoe.com

"ခွေး ဟုတ်လား"

"အင်း… ကြည့်ရတာ သူ ကပ်ဘေးမှာ သခင် ဆုံးရှုံးသွားတာ နေမယ်။ ဒါပေမဲ့ အဲဒီကောင်က အမူအကျင့် ကောင်းပြီး ပါးနပ်တယ်ကွာ။ အဲဒါနဲ့ ငါလဲ ခေါ်ထားလိုက်တာ။ နောက်တစ်ခါ အိမ်လာရင် သူ့ကို ခေါ်လာမယ်။ ခွေးတွေက မကျန်းမာတဲ့ သက်ကြီးရွယ်အိုတွေအတွက် ကုထုံးကောင်းပဲ မဟုတ်လား။ အတိတ်မေ့ဝေဒနာသည်တွေ အတွက်ပေါ့လေ။ သူတို့ကို တည်ငြိမ်အောင် လုပ်ပေးနိုင်တယ်"

"အင်း… ငါလဲ ကြားဖူးတယ်။ ခွေး ခေါ်လာလေ။ အမေလဲ သဘောကျမှာပဲ။ အမေက အမြဲတစေ ခွေးလိုချင်ခဲ့တာကိုး"

"အမေက ခွေး လိုချင်တာလား"

"ဟုတ်တယ်၊ အမေ ကလေးဘဝတုန်းက သူတို့မိသားစုမှာ ခွေးမွေးဖူးတယ်။ ဒါပေမဲ့ အဖေက တိရစ္ဆာန် မချစ်တတ်တော့ ခွင့်မပြုခဲ့ဘူးလေ"

"ပထမဆုံး ကြားဖူးတာပဲ"

"နင် မမွေးခင်တုန်းကပေါ့။ အမေက စိတ်ပျက်သွားပေမဲ့ နင့်ကို ကိုယ်ဝန်ရှိပြီး မကြာမီမှာပဲ ခွေးအကြောင်း မေ့သွားတော့တာ"

"အင်း"

"ခွေးနာမည်ကကော"

"တာမွန်" လို့ ကာဇူမာဆာ ဖြေတယ်။ မာယုမိလေသံ အသက်နည်းနည်း ပြန်ဝင်လာသလို ကြားရလို့ သူ ဝမ်းသာနေတယ်။

"ဘယ်လိုနာမည်ကြီးလဲ၊ ထူးဆန်းတယ် မထင်ဘူးလား"

"သူ့လည်ပတ်ကြိုးက နာမည်ကတ်ပေါ် ရေးထားတာပဲ။ တာမွန်တန်ဆိုတာကနေ တာမွန်လို့ မှည့်ထားတာ ဖြစ်မယ်။ အစောင့်အရှောက်နတ်လေ"

"ဘာပဲဖြစ်ဖြစ် နင် မြန်မြန်တော့ ခေါ်လာပါ။ အမေ မပြုံးမရယ်တာ လချီနေပြီ"

"သေချာပေါက် ခေါ်လာမယ်"

"ဖုန်းခေါ်မိတာ ဝမ်းသာစရာပဲ။ နင်နဲ့ စကားပြောလိုက်ရတာ နေလို့ကောင်းသွားတယ်။ ဘုရားသခင် ကျေးဇူးတော်ပဲ" လို့ မာယုမိက ပြောပြီး ဖုန်းချသွားတယ်။

mgyoe.com

တာမွန်က ကာဇူမာဆာ့ပေါင်ပေါ် မေးတင်ရင်း အိပ်ပျော်နေတယ်။ သူ အိပ်ပျော်နေပုံက တည်ငြိမ်နေပြီး ကျောကုန်းက စည်းချက်ကျကျ နိမ့်လိုက် မြင့်လိုက်နဲ့မို့ ကြည့်ရတာ ကာဇူမာဆာ့ကို ယုံကြည်ပုံပဲ။ ကာဇူမာဆာက တာမွန် မနိုးအောင် သူ့ကျောပေါ် ညင်ညင်သာသာလေး လက်တင်လိုက်တယ်။ အနွေးဓာတ်က သူ့လက်မောင်းကနေ တစ်ဆင့် နှလုံးသားထဲ စီးဝင် ကူးစက်လာလေရဲ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

ကာဇူမာဆာက တာမွန့်အကြောင်း ရှာလို့ရသမျှ အကုန် အင်တာနက်မှာ ရှာဖွေတော့တယ်။ 'တာမွန့်၊ ခွေး၊ အထီး၊ ဂျာမန်သိုးထိန်းခွေး၊ မျိုးစပ်၊ ပျောက်ဆုံး၊ ကပ်ဘေး' စတဲ့ သူ စဉ်းစားလို့ ရသမျှ စာလုံးတွေနဲ့ ကြိုးစား ရှာကြည့်တယ်၊ ဒါပေမဲ့ တစ်လုံးတလေတောင် မတွေ့ရဘူး။ ကြည့်ရတာတော့ ဘယ်သူကမှ တာမွန့်ကို ရှာနေတာ မဟုတ်ဘူးပဲ။ သူ့သခင်က သေသွားတာ၊ ဒါမှမဟုတ် ကပ်ဘေးမှာ ဆိုးဆိုးရွားရွား ခံစားလိုက်ရလို့ ခွေးတစ်ကောင်ကို ပြုစုစောင့်ရှောက်နိုင်မယ့် အခြေအနေ မရှိတော့တာပဲ ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် တာမွန့်ကို မွေးထားရတာ ကာဇူမာဆာ့ စိတ်ထဲ သက်သောင့်သက်သာ ဖြစ်သွားတယ်။

သူက တာမွန့်ကို ကားထဲ ဝင်စေပြီး သူ့အမေဆီ ထွက်လာခဲ့တယ်။ အခုချက်ချင်းက ကောင်းတာပဲလေ၊ မနေ့ကမှ သူနဲ့ မာယုမိ ဖုန်းပြောခဲ့တာ ဆိုပေမဲ့ မြန်လေ ကောင်းလေပဲ မဟုတ်လား။

မိသားစုအိမ်က နာတိုရီမြစ်ရဲ့ တောင်ဘက် လူနေရပ်ကွက်ထဲ ထီးထီးကြီး တည်ရှိနေတာ။ မာယုမိ မွေးပြီး မကြာမီ ကာဇူမာဆာ့အဖေက ချေးငွေယူပြီး အိမ်ဝယ်ခဲ့တာပေါ့။ သူ ကွယ်လွန်သွားပြီးနောက် သူ့အသက်အာမခံကြေး ကျန်တာနဲ့ အိမ်ချေးငွေကို ဆပ်ခဲ့တာ။ သူတို့အမေရဲ့ အတိတ်မေ့ရောဂါ ဆိုးလာတဲ့ အချိန်မှာ သူ့ကို ဘိုးဘွားရိပ်သာ ဂေဟာတစ်ခုခုမှာ ထားဖို့ လိုအပ်လာတော့ ကာဇူမာဆာတို့ မောင်နှမနှစ်ယောက် အိမ်ရောင်းဖို့ ဆွေးနွေးကြတယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

အဲဒီစိတ်ကူးဟာလည်း ကပ်ဘေးတွေ ဖြစ်ပြီးကတည်းက မှေးမှိန်ပျောက်ကွယ်သွားလေရဲ့။

အိမ်က ကျဉ်းမြောင်းတဲ့ မြေကွက်ပေါ် တည်ရှိပြီး ခြံက ပန်းခင်းရယ်၊ ကားတစ်စီးရပ်စာရယ်လောက်ပဲ ရှိတယ်။ ကာဇူမာဆာက သူ့ကားကို မာယုမိကားအသေးလေးရဲ့ ရှေ့မှာ ရပ်ခဲ့တယ်။ လမ်းမပေါ် ထွက်နေပေမဲ့ အိမ်နီးချင်းတွေက မကျေမနပ် ပြောလေ့ မရှိကြပါဘူး။

"သွားကြစို့ တာမွန်ရေ မင်းရဲ့ အမူအကျင့်အကောင်းဆုံးတွေကို ပြလိုက်ကွာ"

ကာဇူမာဆာက သူ ဝယ်ထားတဲ့ လည်ပတ်ကြိုးအသစ်နဲ့ လည်ပတ်ကို တွဲဆက်ပြီး တာမွန့်ကို ကားထဲကနေ ထုတ်လာတယ်။ သူ အိမ်ရှေ့တံခါး ဖွင့်ပြီး မာယုမိကို လှမ်းခေါ်တယ်။

"ငါ ရောက်နေပြီ၊ တာမွန့်ကို ခေါ်လာတယ်"

"ကာဇူမာဆာလား... ခွေးနဲ့ လာတာလား"

"ဟုတ်တယ်"

ကာဇူမာဆာက သူ ယူလာတဲ့ အဝတ်စိုနဲ့ တာမွန့် ခြေထောက်တွေကို သုတ်ပေးတယ်။ သူ့ဖိနပ်ကိုလည်း ချွတ်လိုက်ပြီး အိမ်ရဲ့ ဖိနပ်ချွတ်ပေါ် ခြေလှမ်းလိုက်တယ်။ မာယုမိက ရေချိုးခန်းထဲကနေ ထွက်လာတယ်။

"နင် အဝတ်လျှော်နေတာလား"

မာယုမိ မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

"အမေ မတော်တဆ ဖြစ်လို့"

သူ့မျက်နှာရိပ်အရ အတွင်းခံ စိုတာထက် ပိုကြောင်း သိသာတယ်။

"အို့... ခက်ခဲလိုက်တာကွာ" လို့ ကာဇူမာဆာ ပြောတယ်၊ ဒါထက် ပိုပြီးလည်း သူ မပြောတတ်တော့ဘူး။

"ဒါတွေကို သန့်ရှင်းရေးလုပ်ရတာ အသားကျနေပါပြီ။ အမေက ကသိကအောက် ဖြစ်နေတယ်။ သူ ရှက်နေတာ ထင်တယ်။ ဪ ဒါနဲ့ ... ဟဲလို တာမွန်ရေ"

မာယုမိက ကိုယ်ကို ကိုင်းပြီး တာမွန့်ဆီ လက်ဆန့်ထုတ်ပေးတယ်။ တာမွန်က စိတ်ချလက်ချနဲ့ သူ့လက်ချောင်းထိပ်လေးတွေကို နှာရှုပ်နမ်းပြီး လျှာနဲ့ လျက်ရင်း တုံ့ပြန်တယ်။

mgyoe.com

SAMPLE BOOK

"ဒီကောင်လေး တော်လိုက်တာ" လို့ မာယုမိ ပြောရင်း တာမွန့်ခေါင်းကို ဖွဖွလေး ပုတ်လိုက်တယ်။

"ငါ ပြောသားပဲ"

"သူ့ကြည့်ရတာ နူးညံ့မယ့်ပုံ။ အမေ သဘောကျမှာ သေချာတယ်။ အမေနဲ့ တွေ့ဖို့ ခေါ်သွားချင်လား"

"အိုကေ"

ကာဇူမာဆာနဲ့ တာမွန့်တို့ မာယုမိနောက်ကနေ လျှောက်လမ်းတစ်လျှောက် လိုက်သွားကြတယ်။ သူတို့အမေ အခန်းက အိမ်နောက်ဘက် အောက်ထပ်မှာ ရှိတာ။ နေရောင်ရတဲ့ ဂျပန်စတိုင် အခန်းမျိုးဖြစ်ပြီး တစ်အိမ်လုံးမှာ အကြီးဆုံး အခန်းပေါ့။

"အမေ... ကာဇူမာဆာ ရောက်နေပြီ။ ကျွန်မတို့ ဝင်လာပြီနော်"

ပြန်ဖြေသံ မကြားရပေမဲ့ မာယုမိက လျှောတံခါးကို ဖွင့်လိုက်တယ်။ အခန်းထဲမှာတော့ ပိုးသတ်ဆေးအနံ့ ပျံ့လွင့်နေရဲ့။ ကာဇူမာဆာက လည်ပတ်ကြိုးကို အလိုက်သင့် ထိန်းညှိကိုင်ရင်း တာမွန်နဲ့အတူ အခန်းထဲ ဝင်လာတယ်။

"အမေ... နေကောင်းရဲ့လား"

သူ့အမေက ဖူတွန်မွေ့ရာပေါ်မှာ ကိုယ်ခန္ဓာကို ဆန့်ထားတယ်။ ပြတင်းပေါက်ပေါ် မေးတင်ရင်း အပြင်က ပန်းခင်းကို ငေးနေရဲ့။

"အမေ" လို့ ကာဇူမာဆာက ဒုတိယအကြိမ် ထပ်ခေါ်တယ်။

သူ့အမေက မျက်နှာချင်းဆိုင် လှည့်လာတယ်။

"မင်းက ဘယ်သူတုံး"

ကာဇူမာဆာ အထိတ်တလန့် ဖြစ်ပြီး နှုတ်ခမ်းကိုက်မိရဲ့။ သူ့အမေ လက္ခဏာတွေက ပိုဆိုးလာတာ သူ သိပေမဲ့ အရင်ကတော့ သူ့ကို မမှတ်မိတာမျိုး မဖြစ်ဖူးဘူး။

"အမေ... သူ့ကို မသိတော့ဘူးလား။ အမေ့သား ကာဇူမာဆာလေ" လို့ မာယုမိက ပြုံးရင်း ပြောတယ်။ အရာရာ ချောမွေ့အောင် သူ ကြိုးစားပေမဲ့ ဟက်ဟက်ပက်ပက် မရှိလှတဲ့ သူ့အပြုံးကလည်း ထိတ်လန့်မှုကို လှစ်ခနဲ ပြသနေတာမို့ သူလည်းပဲ ခံစားနေရတာ သိသာတယ်။

"အို့... ကာဇူမာဆာလား၊ ဘုရားရေ... မင်း အရွယ်ရောက်လာပြီပဲ"

mgyoe.com

mgoe.com

ကာဇူမာဆာက ဘာပြန်ဖြေရမှန်းမသိ ဖြစ်ရင်း မှင်တက်မိနေတုန်း တာမွန်ကအဘွားကြီးဆီသွားပြီးသူ့မျက်နှာကိုနှာခေါင်းနဲ့လိုက်နမ်းရှုပ်နေလေရဲ့။

"ခွေးကလေးပါလား… ကိုင်တိုရေ… မင်းလား"

ကာဇူမာဆာတို့အမေက လက်ဆန့်ထုတ်ပြီး တာမွန့်ရင်ဘတ်ကို ပွတ်သပ်နေတော့တယ်။

"ကိုင်တိုပါလား၊ အို့… သေချာတာပေါ့။ မင်း ဘယ်တွေ ရောက်နေတာတုံး ကိုင်တို"

သူ့အသံမှာ ကန္တဲ့ကလျဟန် ပါလာတယ်။

"ကိုင်တိုတဲ့လား" လို့ ကာဇူမာဆာက မာယုမိကို မေးတယ်။

"အင်း… အမေ ငယ်ငယ်တုန်းက မွေးဖူးတဲ့ ခွေးလေးနာမည် ဖြစ်လောက်မယ်"

"ကိုင်တို… ကိုင်တို" လို့ အဘွားကြီးက တာမွန့်ကို ပုတ်ရင်း ရေရွတ်နေတယ်။ သူ့စိတ်ရော သူ့အသံကပါ ကလေးဘ၀ ပြန်ရောက်သွားပုံပဲ။

"အမေ အခြေအနေ ဆိုးနေတာ ဘယ်လောက် ကြာပြီလဲ" လို့ ကာဇူမာဆာက သူ့အမေမျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရင်း မေးတယ်။

"နှစ်ပတ်၊ သုံးပတ်လောက် ရှိပြီ။ တစ်ခါတလေ ငါ့ကိုတောင် မသိတော့တာ"

"နင် ငါ့ကို ပြောခဲ့သင့်…"

"နင့်ကို သောက မရောက်စေချင်ဘူးလေ။ နောက်ဆုံးတော့ ငါ ပြောရမယ် ဆိုတာ သိပါတယ်" လို့ ပြောရင်း မာယုမိက မျက်လွှာချလိုက်တယ်။

"အင်း… ကိုင်တိုကို လမ်းလျှောက်ခေါ်သွားရမယ်" လို့ သူတို့အမေက ပြောပြီး ထရပ်လိုက်တယ်။

"ကောင်းတာပေါ့။ ငါတို့ အားလုံး လမ်းလျှောက်ထွက်ကြစို့" လို့ ကာဇူမာဆာက မဆိုင်းမတွ ပြောလိုက်တယ်။

"မြစ်ဘက် သွားလို့ ရတာပဲ"

+

ကာဇူမာဆာတို့ အမေက တာမွန့်လည်ပတ်ကြိုးကို ကိုင်ပြီး လမ်းလျှောက်ရင်း စိတ်တွေ တက်ကြွနေရဲ့။ သူက သူ့အမေကို ပူပန်နေသလို မာယုမိမျက်နှာကို ကြည့်

mgoe.com

mgyoe.com SAMPLE BOOK


လိုက်တော့ သူလည်း ထပ်တူခံစားနေရတယ်လို့ ကာဗူမာဆာ ခန့်မှန်းမိတယ်။ ဒါပေမဲ့ သူတို့အမေကတော့ သူတို့နဲ့ လုံးဝမတူဘူး။ ခွေးကို ဆက်တိုက် တတွတ်တွတ် ပြောရင်း ရုံဖန်ရုံခါ လမ်းလျှောက်နေရာကနေ ရပ်လိုက်ပြီး ကိုယ်ကို ကိုင်းကာ ခွေးကို ပုတ်ပေးလေရဲ့။

"အမေကတော့ ကောင်မလေးကျနေတာပဲ" လို့ မာယုမိ ပြောတယ်။

"ဟုတ်တယ်" လို့ ကာဗူမာဆာကလည်း ထောက်ခံတယ်။ ပိုပြီး ကောင်းလာတာမျိုး မဟုတ်တဲ့ ကလေးပိုဆန်လာတာမျိုးပေါ့။ ကာဗူမာဆာလည်း သူ့အမေကို ပိုစိုးရိမ်လာတော့တယ်။ စိတ်ဖောက်ပြန်ပြီး ဘာလုပ်လိုက်မလဲ သိမှ မသိနိုင်တာကိုး။

တာမွန် ရောက်လာတာ ဘုရားမ,လို့ပဲ။ ဒီဒေသတစ်ဝိုက်မှာ တာမွန်နဲ့ ပထမဆုံးအကြိမ် အပြင်ထွက်ဖူးတာ ဆိုပေမဲ့ သူ့ကို စိတ်ချယုံကြည်ပြီး ထိန်းသိမ်းနိုင်တယ်။ တာမွန်က အမေ့ကို ဘာမှ မဖြစ်စေလောက်ဘူးလို့ သေချာတဲ့ ခံစားချက်မျိုး ကာဗူမာဆာ ရနေတယ်။

"ကာဗူမာဆာ... လေးတီလေးကန် လျှောက်မနေနဲ့တော့၊ မြန်မြန်လာ" လို့ သူ့အမေက နောက်လှည့်ပြီး ပြောတယ်။ ခုတော့ သူ့နာမည်ကို မှတ်မိနေပြီပဲ။

"အမေက သိပ်မြန်တာကိုး" လို့ ကာဗူမာဆာ ပြောပြီး သူ့အမေဘေးနား အမီလိုက်လေရဲ့။

"ကိုင်တိုက အမြဲ တော်တာ။ ငါ့ဘေးနားပဲ နေတယ်၊ ပြီးတော့ လည်ပတ်ကြိုးကိုလဲ ဘယ်တော့မှ တင်းနေအောင် မဆွဲဘူး"

အမေ့ အသံကရော စကားလုံး ရွေးချယ်တာကပါ ကလေးဆန်နေတယ်။

"ဟုတ်တယ် အမေရေ၊ ကိုင်တိုက သိပ်တော်တာ" လို့ ကာဗူမာဆာ ပြန်ဖြေတယ်။ သူက တာမွန့်ခေါင်းကို ကျေးဇူးတင်တဲ့ အနေနဲ့ ပုတ်ပေးတယ်။

"သူက ခွေးပေါက်လေးကတည်းက သိပ်တော်ခဲ့တာလေ"

မာယုမိ ပြောတာ မှန်တယ်၊ သူတို့အမေဟာ ငယ်ငယ်တုန်းက မွေးဖူးတဲ့ ခွေးနဲ့ တာမွန့်ကို ရောထွေးနေတာ။ ဟန်ပန်နဲ့ အသံက သက်ဝင်လှုပ်ရှားနေပေမဲ့ အမေကတော့ နေကောင်းလာပုံ မပေါ်ပါဘူးလေ။

လမ်းတစ်ဖက်ခြမ်းမှာတော့ နာတိုရီမြစ်ရယ်၊ မြစ်တစ်လျှောက် တဆုံး

mgyoe.com

mgyoe.com
SAMPLE BOOK


မြင့်ရတဲ့ လယ်ကွင်းတွေရယ်။ ကာဇူမာဆာ့အမေက လမ်းပေါ် ခြေလှမ်းလိုက်တယ်။ မီးပွိုင့်တို့ လူကူးမျဉ်းကြားတို့ မရှိဘူး။

'သတိထား' ဆိုတဲ့ စကားလုံးက ကာဇူမာဆာ့ လည်ချောင်းမှာ တစ်နေတယ်။

တာမွန် ရပ်လိုက်တော့ လည်ပတ်ကြိုးရဲ့ တင်းမာမှုကြောင့် ကာဇူမာဆာ့အမေလည်း ရပ်လိုက်တယ်။

"ဘာလဲဟင် ကိုင်တို" လို့ အမေက တာမွန့်ဘက် လှည့်ပြီး သိချင်စိတ်နဲ့ မေးတယ်။

ကုန်တင်ကားတစ်စီး ဖြတ်သွားတယ်။

"ဘာမှ မကြည့်ဘဲ လမ်းကူးတာ အန္တရာယ်များတယ် အမေရဲ့"

မာယုမိ မျက်နှာမှာလည်း သွေးမရှိတော့ဘူး။

"အဆင်ပြေပါတယ်၊ ကိုင်တို ရှိတာပဲလေ" လို့ ပြောပြီး အမေက သဘောရိုးနဲ့ ရယ်နေတယ်။

ကာဇူမာဆာနဲ့ မာယုမိတို့ကတော့ အကြည့်ချင်း ဖလှယ်လိုက်ကြတယ်။ ဆောင်းဦးရာသီရဲ့ အေးစိမ့်ခြောက်သွေ့နေတဲ့ လေတွေ သူတို့အနီးအနား တိုက်နေလေရဲ့။

+

"မင်း ဒီနေ့ လုပ်ခဲ့တာ တကယ် မိုက်တယ်ကွာ တာမွန်ရေ" လို့ ကာဇူမာဆာက ပြောရင်း သူ့လက် ဆန့်ထုတ်ပြီး ခရီးသည်ခုံမှာ ထိုင်နေတဲ့ တာမွန့်ရင်ဘတ်က အမွေးတွေကို ဖွလိုက်တယ်။

"အမေ လမ်းပေါ် ပြေးတက်သွားမှာကို မင်း တားခဲ့တာပဲ။ မင်းက အစောင့်အရှောက် နတ်သားလေးပဲကွာ။ မာယုမိကလဲ အဲဒီလိုပဲ ပြောတယ်"

ကာဇူမာဆာက တာမွန့်ကို ပွတ်သပ်ပေးနေတုန်း တာမွန်ကတော့ ရှေ့တူရူကိုပဲ စိုက်ကြည့်နေတယ်။

သူတို့ လမ်းထွက်လျှောက်ခဲ့တာ တစ်နာရီ မပြည့်တပြည့်။ အဲဒီနောက် ကာဇူမာဆာ့မိခင်လည်း မောပန်းတယ်လို့ ညည်းညူပြီး အိပ်ရာဝင်သွားလေရဲ့။ လမ်းထွက်လျှောက်ဖို့ နေ့နေ့သာသာ အိမ်ကနေ သူ မထွက်ဖြစ်တာတောင် အတော်ကြာပြီကိုး။ ကာဇူမာဆာ ပြန်ဖို့ နှုတ်ဆက်ချိန်မှာ သူ့အမေက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီ။

mgyoe.com

mgyoe.com


မီးပွိုင့် စိမ်းသွားပြီ။ စတီယာတိုင်ကို လက်နှစ်ဖက်နဲ့ တင်းတင်း ဆုပ်ကိုင်ပြီး ကာဇူမာဆာ လီဗာနင်းလိုက်တယ်။ ကပ်ဘေးတွေ မဖြစ်ခင်က သူ မန်နယူရယ် မောင်းတယ်။ အော်တိုကားတွေဟာ အစစ်အမှန် မဟုတ်ဘူးလို့ သူ ထင်တယ်။ ဒါပေမဲ့ သူ့ကားက လျှော်လှုပ်တဲ့အချိန်မှာ ကွန်ကရစ်နံရံနဲ့ တိုက်မိပြီး သုံးစားမရအောင် ပျက်စီးသွားပြီ။ နောက်တစ်စီး ဝယ်ဖို့လည်း ပိုက်ဆံ မရှိတာမို့ အလုပ်အတွက် နူမာဂူချီက သူ့ကို ဒီကား ပေးထားတာ။ ဒီကားကလည်း ချုံးချုံး ကျနေတာပါပဲ။ အမြဲလိုလို ပျက်လိုက်၊ ဆီစားလိုက်မို့ လမ်းပေါ် တက်မောင်းဖို့ ကုန်ကျစရိတ် အတော်များတယ်။

"တကယ့်ကားအစစ် ဝယ်နိုင်ချင်တယ်ကွာ" လို့ သူ ရေရွတ်လိုက်တယ်။

တာမွန်က သူ့ကို ကြည့်တယ်။

"ပြီးတော့ မာယုမိကို ကူနိုင်ဖို့ ငွေ လုံလုံလောက်လောက်လဲ ရချင်တယ်"

တာမွန် အရှေ့ကို ပြန်လှည့်သွားတယ်။

"ငွေလိုတယ်ကွာ"

တာမွန် သမ်းနေရဲ့။

ကာဇူမာဆာက သူ့တိုက်ခန်းနားမှာ ကားရပ်လိုက်တယ်။ ပါကင်နေရာ မဟုတ်ပေမဲ့ သူ ဘယ်တော့မှ ချလန် အဖြတ်မခံရ။ လျှော်လှုပ်ပြီးနောက်ပိုင်း ရဲတွေက အခြားကိစ္စတွေနဲ့ အလုပ်များနေကြတာကိုး။ အရာရာဟာ တစ်နေ့တော့ ပုံမှန်အခြေအနေ ပြန်ဖြစ်လာမှာပါ။ အဲဒီလို ဖြစ်လာတဲ့အခါ တရားဝင် ပါကင် နေရာ သူ ရှာရမှာပေါ့လေ။

ဒါပေမဲ့ သူ ငွေလိုနေတယ်။ တကယ်ကို လိုနေတာ။

တိုက်ခန်းထဲ ရောက်တော့ ကာဇူမာဆာက တာမွန့်ကို ခွေးစာ ကျွေးပြီး သူ့ညစာကတော့ ဘူးခေါက်ဆွဲပြုတ်နဲ့ ပြီးပါလေရော။

"မင်းက ငါ့ထက် ပိုကောင်းကောင်း စားရတယ်နော်" လို့ သူ ပြောရင်း တာမွန် အငမ်းမရ စားနေတာကို ကြည့်နေတယ်။ ဒီလို ပြောမိလို့ သူ့ကိုယ်သူ ဒေါသထွက်ပြီး စီးကရက်ကို ရှတ်တရက် ဆွဲထုတ်ပစ်လိုက်တယ်။

သူ့ဖုန်း မြည်လာလို့ ကြည့်လိုက်တော့ မာယုမိ ခေါ်နေတာ။

"ဘာများလဲ"

"အမေ နိုးနေပြီ။ ဒါပေမဲ့ ကိုင်တို့ကိုပဲ အဆက်မပြတ် မေးနေတော့တာ"

"စိတ်မပူပါနဲ့၊ ငါ ထပ်ခေါ်လာခဲ့မယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


"တာမွန့်ကြောင့် အမေ ပျော်နေတာ ကောင်းပေမဲ့ ငါ စိုးရိမ်နေတယ်။ ကလေးတွေ ဝုန်းဒိုင်းကြဲသလို သောင်းကျန်းနေတော့တာ။ နင် ကိုင်တို့ကို ခေါ်လာတာလို့ ငါ အမေ့ကို ပြောပေမဲ့ သူ မေ့သွားပြန်ပြီဟာ"

"ငါ ဘယ်သူလဲ မေ့သွားတာလား"

မာယုမိ သက်ပြင်းချတယ်။

"အမေ့ကို ဂေဟာ ပို့ပေးဖို့ လိုပြီ ထင်တယ်" လို့ ကာဇူမာဆာ ပြောတယ်။

"အဲဒီလို ပို့ဖို့ ငွေ ဘယ်က ရမှာလဲ"

အိမ်ချေးငွေအတွက် သူတို့ဖခင်ရဲ့ အာမခံငွေထဲက ပေးချေပြီးနောက် လက်ထဲ သိပ်မကျန်တော့ဘူးလေ။ မာယုမိက လက်ကျန်ငွေ အနည်းငယ်နဲ့ သူ့မစိုးမပို့ စုငွေထဲက သူတို့အမေကို ပြုစုစောင့်ရှောက်နေရတာ။ အဲဒါလေးတွေနဲ့ လောက်ငနေနိုင်တာကလည်း လယ်ယာလုပ်တဲ့ အမေ့ဆွေမျိုးတွေက ဆန်နဲ့ ဟင်းသီးဟင်းရွက်တွေ ပို့ပေးတာကိုး။

"တကယ် စိတ်မကောင်းဘူး မာယုမိရယ်"

"ရပါတယ်။ ငါတို့က မိသားစုတွေပဲ"

ကာဇူမာဆာ ဖုန်းချပြီး စီးကရက်ကို ပြာခွက်ထဲ ဖိခြေပြီမ်းသတ်လိုက်တယ်။

"တာမွန်... ငါ လုပ်တော့မယ်ကွာ" လို့ သူ ပြောတယ်။ တာမွန်က အစာစားပြီးလို့ သူ့ဘေးမှာ ခွေနေတာ။

"နူမာဂူချီဆီက အလုပ်ကို လက်ခံတော့မယ်။ ငါ အခုလုပ်နေတာထက် အများကြီး ပိုအန္တရာယ်များပေမဲ့ ငွေရမှာက များတယ်လေ။ မင်း ငါ့ကို ကာကွယ်ပေးမယ် မဟုတ်လား။ ဒီနေ့ အမေ့ကို ကာကွယ်ပေးခဲ့သလိုပေါ့ကွာ"

တာမွန့်မျက်လုံးတွေ ပိတ်ထားပေမဲ့ ကာဇူမာဆာ စကားပြောလိုက်တိုင်း သူ့နားရွက်တွေ ဆတ်ခနဲ တွန့်တွန့်သွားလေရဲ့။

"ပြီးတော့ မင်းကိုလဲ ငါ အစာကျွေးမယ်။ ငါ ဆုံးဖြတ်ပြီးပြီ။ လုပ်တော့မယ်ကွာ"

တာမွန်က မျက်လုံးဖွင့်ပြီး ကာဇူမာဆာ့ကို ကြည့်ရင်း 'ဘာကြောင့် မလုပ်ရမှာလဲ' လို့ သူ့မျက်လုံးတွေက ပြောနေသယောင်ယောင်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

ကွန်ဒိုတိုက်ခန်းတွေထဲကနေ လူသုံးယောက် ထွက်လာတယ်။ အားလုံးက ပေါ့ပါး သွက်လက်ပြီး အသားညိုညိုတွေ။ တစ်ယောက်က ကားနား ချဉ်းကပ်လာပြီး ဒရိုင်ဘာဘက်ခြမ်းက ပြတင်းပေါက်ကို ခေါက်လိုက်တယ်။ ကာဇူမာဆာ မှန်ချ လိုက်တယ်။

"ကီမူရာစံလား"

ကီမူရာက ကာဇူမာဆာ့ နာမည်တုပါ။

"ဟုတ်တယ်"

"ကျွန်တော် မီဂဲလ်ပါ" လို့ အဲဒီလူက ပြောတယ်။ သူ့ဂျပန်အသံထွက်က ကောင်းသားပဲ။

"သူတို့က ဟော်ဆေးနဲ့ ရစ်ကီပါ"

ကာဇူမာဆာ ခေါင်းညိတ်ပြတယ်။ နာမည်တွေအားလုံး အတုအယောင် တွေပါပဲ။

"ဝင်ပါ" လို့ ကာဇူမာဆာ ပြောတယ်။

မီဂဲလ်က ကျန်နှစ်ယောက်ကို အချက်ပြလိုက်တော့ ဟော်ဆေးက ရှေ့ခန်းထဲ ဝင်ပြီး ရစ်ကီနဲ့ မီဂဲလ်က နောက်ခန်းထဲ ဝင်ထိုင်တယ်။

မီဂဲလ်က နိုင်ငံခြားဘာသာစကားနဲ့ တစ်ခုခု ပြောလိုက်တယ်။ နောက်ခန်းထဲ လျှောင်အိမ်နဲ့ ထည့်ထားတဲ့ တာမွန့်ကို သူ သတိထားမိသွားပြီပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"ခွေးက ဒီမှာ ဘာလုပ်နေတာလဲ" လို့ မီဂဲလ် မေးတယ်။

"ကျွန်တော့်ရဲ့ မာမုရိဂါမိလေ၊ ဘာလဲ သိတယ် မဟုတ်လား"

မီဂဲလ်က ခေါင်းငုံ့လိုက်တယ်။

"အစောင့်အရှောက် နတ်သားပေါ့ဗျာ" လို့ ကာဇူမာဆာက အင်္ဂလိပ်လို ပြောတယ်။

"သြော်... သိပြီ" လို့ မီဂဲလ်က ခေါင်းဆတ်ပြပြီး ကျုန်နုစ်ယောက်ကို တစ်ခုခု သွက်သွက်လက်လက် ရွတ်ပြလိုက်တယ်။

"သူက မဟောင်လဲ မဟောင်၊ ဖွဲလဲ မဖောက်ပါဘူး" လို့ ကာဇူမာဆာ ပြောတယ်။

"အစောင့်အရှောက်နတ်သားနဲ့ အလုပ်လုပ်နိုင်တာပဲ။ ဂျပန်လို ဘယ်လို ပြောရလဲ"

"မာမုရိဂါမိ"

မီဂဲလ်က အဲဒီစကားလုံးကို နှုတ်ကနေ နှစ်ကြိမ်၊ သုံးကြိမ် ရွတ်ကြည့်တယ်။

"အိုကေ၊ သွားကြစို့"

ကာဇူမာဆာ ကားစက်နှိုးလိုက်တယ်။ နူမာဂူချီက သူ့ကို အလုပ်အတွက် ကားကောင်း ပေးထားလေရဲ့။ အော်တိုကား တစ်စိတ်တစ်ပိုင်းပဲ ဖြစ်တာမို့ မန်နယူရယ်ကားလိုလည်း မောင်းနိုင်တာပဲ။

"ကိုကုဘွန်ချိုကို တိုက်ရိုက်သွားဖို့ အဆင်ပြေလား" လို့ ကာဇူမာဆာက မြို့ထဲ တစ်နေရာရဲ့ နာမည်ကို ရေရွတ်ရင်း မေးတယ်။

မီဂဲလ် ခေါင်းညိတ်ပြတယ်။ မနက် နှစ်နာရီပဲ ရှိသေးတော့ လူသူကင်းမဲ့နေရဲ့။

ကာဇူမာဆာက မြို့ထဲကို ဦးတည်မောင်းရင်း လိုင်စင်ပြားတွေကို မှတ်တမ်းတင်တဲ့ N စနစ် စောင့်ကြည့်ကင်မရာတွေနဲ့ လွတ်အောင် ဂရုစိုက်တယ်။ နူမာဂူချီအတွက် သူ အလုပ် စလုပ်တဲ့ အချိန်မှာ N စနစ် ကင်မရာတွေ ရှိတဲ့ နေရာတွေ အားလုံးကို သုတေသန ပြုထားပြီး ခေါင်းထဲ စွဲနေအောင် မှတ်ထားလေရဲ့။

"မင်းက ကားမောင်းတော်လိုက်တာ" လို့ မီဂဲလ်က မှတ်ချက်ပေးတယ်။ ကြည့်ရတာတော့ သူတို့ မြန်မြန် မသွားနေပေမဲ့ သူ ခန့်မှန်းပြောနိုင်သားပဲ။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

မြို့ထဲမှာ လူတွေ ပြည့်ကျပ်နေဆဲ ဖြစ်ပြီး နီယွန်မီးရောင်တွေ ထိန်ထိန်လင်းနေကြတယ်။ ကာဇူမာဆာက ကားကို ရုံးအဆောက်အအုံတွေရဲ့ ထောင့်နားရပ်လိုက်တယ်။

"နောက်နာရီဝက် နေရင် ငါတို့ကို ဒီမှာပဲ လာကြို"

မီဂဲလ်နဲ့ သူ့အဖွဲ့သားတွေ ကားပေါ်ကနေ ဆင်းသွားပြီး တာမွန်ကတော့လျောင်အိမ်ထဲ ခွေနေလေရဲ့။

ဟိုလူသုံးယောက် မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားတာနဲ့ ကာဇူမာဆာ ကားမောင်းထွက်လာလိုက်တယ်။ ကားထဲ အဲကွန်းဖွင့်ထားပေမဲ့ သူ ချွေးပြန်နေတယ်။ အာခေါင်လည်း ခြောက်ကပ်နေရောပဲ။ သူ ထင်ထားတာထက် ပိုပြီး ကြောက်နေတာပဲ။

သူ ရောက်ရာပေါက်ရာ မောင်းနေမိတယ်။ မျက်နှာချင်းဆိုင် လာနေတဲ့ကားမီးရောင်ကို တွေ့တိုင်း သူ ရင်တုန်နေတော့တာပဲ။ 'စိတ်အေးအေးထား' လို့ သူ့ကိုယ်သူ ပြောနေမိတယ်။ နောက်ကြည့်မှန်ကနေ တာမွန့်ကို ခဏခဏ လှမ်းကြည့်နေတယ်။ သူ ကြည့်လိုက်တဲ့အခါတိုင်း တာမွန်က ဦးတည်ရာ မတူတဲ့ဘက်တွေကို မျက်နှာမူနေရဲ့။ အရှေ့၊ အနောက်၊ ညာဘက်၊ ဘယ်ဘက်။ တဖြည်းဖြည်းနဲ့ သဘောပေါက်လာမိတာက တာမွန်ဟာ တောင်ဘက်ကိုပဲ အမြဲတစေ မျက်နှာမူနေတာကိုး။

"တောင်ဘက်မှာ ဘာရှိလို့တုံး" လို့ ကာဇူမာဆာ မေးတယ်။

ဘာတုံ့ပြန်မှုမှ မရှိဘဲ တာမွန် ငြိမ်နေပြီး တောင်ဘက်ကိုပဲ မျက်နှာမူထားတယ်။

အချိန် ပြည့်ပြီပဲ။ ကာဇူမာဆာ ဟိုလူတွေကို ချပေးခဲ့တဲ့ နေရာမှာ ကားပြန်ရပ်လိုက်တယ်။ သူ့ခြေထောက်က လီဗာပေါ် တင်ထားပြီး ချက်ချင်း ထွက်ဖို့ အဆင်သင့် ပြင်ထားလေရဲ့။ စတီယာတိုင် ကိုင်ထားတဲ့ လက်နှစ်ဖက်မှာ ချွေးတွေ။ လက်ဝါးကို ဂျင်းဘောင်းဘီနဲ့ ပွတ်သုတ်လိုက်ပေမဲ့ ပြန်စိုလာတာပါပဲ။

"တစ်ခုခု တွေ့လား တာမွန်" လို့ သူ လှည့်ပြီး မေးတယ်။ တာမွန် သူ့ကိုကြည့်ပုံက စိတ်အေးစေဖို့ အားပေးသလိုပါပဲ။ 'စိတ်ငြိမ်အောင် ထားပါ။ အရာရာအဆင်ပြေသွားမှာပါ' လို့ အကြည့်တွေက ပြောနေတဲ့အလား။

အဆောက်အအုံနောက်ဘက်ကနေ ဟိုလူတွေ ထွက်လာတယ်။ သူတို့ရဲ့

m g y o e . c o m

အိတ်အလွတ်တွေက ခုတော့ ဖောင်းနေတာကို ကာဇူမာဆာ တွေ့ရတယ်။ ကျောက်မျက်ရတနာဆိုင်ကို ဓားပြတိုက်ဖို့ သူတို့ စီစဉ်ထားကြောင်း ကာဇူမာဆာ သိပြီးသားပဲ။

သူတို့ ကားဆီ အချိန်ယူ လာနေပုံက ဓားပြတိုက်ပြီး ပြန်လာတာထက် ညဘက် အပြင်ထွက် အရက်သောက်ပြီးလို့ အိမ်ပြန်လာနေပုံအတိုင်း။

"တက် တက်" လို့ ကာဇူမာဆာ ရေရွတ်လိုက်တယ်။ သူ စိတ်ထင်နေတာလား၊ ဒါမှမဟုတ် အချက်ပေးသံ၊ ရဲကားရဲ့ ဥဩသံ စူးစူးဝါးဝါး ကြားလိုက်မိတာလား။ သူ့နောက် ရဲတွေ လိုက်လာတာကို စိတ်ကူးမြင်ယောင်မိတယ်။ ပုံရိပ်တွေ သူ့စိတ်ထဲ တဝဲလည်လည်။ သူ ကားကို အတတ်နိုင်ဆုံး သုတ်ခြေတင်မောင်းနိုင်ပေမဲ့ နောက်ဆုံးမှာတော့ သူလည်း အဖမ်းခံရမှာပဲ။

"သွားကြစို့" လို့ မီဂဲလ်က ရှေ့ခန်း ဝင်ထိုင်ရင်း ပြောတယ်။ ဟော်ဆေးနဲ့ ရစ်ကီတို့ နောက်ခန်းထဲ ဝင်ထိုင်တယ်။

သူတို့တွေ ကားတံခါး ပိတ်ပြီးတော့ ကာဇူမာဆာ အရှိန်တင်ပြီး ကားထွက်လိုက်တယ်။

"အေးဆေးပဲ မောင်းပါ။ အလျင်လိုစရာ မလိုတော့ဘူး။ ဖြည်းဖြည်းပဲ မောင်း။ ဟုတ်ပြီလား" လို့ မီဂဲလ်က ပြောရင်း စတီယာတိုင်ပေါ်က ကာဇူမာဆာ့ ဘယ်လက်ကို ခပ်ဖြည်းဖြည်း ထိမိသွားတယ်။

"ဆောရီး"

ကာဇူမာဆာက လီဗာနင်းထားတဲ့ သူ့ခြေထောက်ကို အနည်းငယ် လျှော့လိုက်တယ်။ သူ ခုချိန်မှာ သူတို့ကို အာရုံစိုက်နေရင် သူ့ရည်ရွယ်ချက် ပျက်သွားလိမ့်မယ်။ ရဲကားရေဒါကနေ သူ လွတ်မြောက်ဖို့ ကား ဖြည်းဖြည်း မောင်းရမှာပဲ။

"မင်းမှာ အစောင့်အရှောက်နတ်သား ရှိတာပဲလေ" လို့ မီဂဲလ်က ကားနောက်ခန်းထဲ လှည့်ကြည့်ပြီး ပြောတယ်။ တာမွန်က တောင်ဘက်ကို မျက်နှာမူနေပြန်ပြီ။

ကာဇူမာဆာ နှုတ်ခမ်းကို လျှာနဲ့ သပ်ပြီး ကားမောင်းနေစဉ် သူ့ကိုယ်သူ တည်တည်ငြိမ်ငြိမ်နေဖို့ ပြောတယ်။ N စနစ် ကင်မရာတွေကို ရှောင်နိုင်ဖို့ သေချာအောင် လုပ်မှ ဖြစ်မယ်။

mgyoe.com

SAMPLE BOOK

မိုက်ကယ်တို့ လူစုကတော့ ရယ်လိုက်၊ ဆေးလိပ်သောက်လိုက်နဲ့ ကာဇူမာဆာ နားမလည်တဲ့ ဘာသာစကားနဲ့ သူတို့အချင်းချင်း ပြောနေကြရဲ့။ သူတို့တွေ စိတ်အေးလက်အေး ရှိကြတာများ ပူပူနွေးနွေး ပြစ်မှုကျူးလွန်ထားတာလို့တောင် မထင်ရဘူး။ ကာဇူမာဆာက သူတို့ကို ကြိုခဲ့တဲ့နေရာ ကွန်ဒိုကို ပြန်ရောက်အောင် ဖြောင့်ဖြောင့်မသွားဘဲ ကွေ့ပတ် မောင်းလာလိုက်တယ်။

"ကျေးဇူးပါ ကီမူရာစံ။ ထပ်တွေ့ကြတာပေါ့ကွာ" လို့ မိုက်ကယ်က အပြုံးနဲ့ နှုတ်ဆက်ပြီး ကားပေါ်က ဆင်းသွားတယ်။

ကျန်နှစ်ယောက်ကလည်း သူ့နောက် လိုက်သွားတယ်။ သူတို့တွေ နောက်လှည့်မကြည့်ဘဲ ထွက်သွားကြတာ။

ကာဇူမာဆာက နူမာဂူချိဆီ သူ့စမတ်ဖုန်းနဲ့ ခေါ်ပြီး "အလုပ် ပြီးပြီ" လို့ ပြောလိုက်တယ်။

"ဝိုး... ကောင်းတယ်ကွာ။ အိမ်ပြန်ပြီး အနားယူတော့"

"အနားယူမှာပေါ့"

"မင်းရဲ့ စာတိုက်ပုံးကို စစ်လိုက်ကွာ"

"စာတိုက်ပုံး ဟုတ်လား။ ဘာလို့လဲဗျ"

ကာဇူမာဆာ ပြောလို့ မပြီးခင်ဘဲ လိုင်း ပြတ်တောက်သွားလို့ စိတ်ရှုပ်ရှုပ်နဲ့ တောက်ခေါက်ပြီး ကားမောင်းထွက်လိုက်တယ်။

"အဖော်ဆိုးတွေအတွက် ဆောရီးပါ တာမွန်ရေ။ အိမ်ပြန်ပြီး အိပ်ကြစို့ကွာ"

တာမွန်က တောင်ဘက်ကိုပဲ မျက်နှာမူနေပြန်တယ်။

အိမ်ပြန်ရောက်တော့ ကာဇူမာဆာ စာတိုက်ပုံးကို စစ်ကြည့်တယ်။ စာအိတ်အညို တစ်လုံးကို တွေ့တယ်၊ ဆွဲယူပြီး အိမ်ထဲ မြန်မြန် ဝင်ပြီးတော့ တံခါး သော့ပိတ်လိုက်တယ်။ တံခါးနားမှာ တာမွန့်ခြေထောက်ကို သုတ်ပြီး သန့်ရှင်းရေး လုပ်ပေးနေတုန်း သူ့ကိုယ်သူ အသက်ရှူမှန်အောင် အာရုံစိုက်နေရတယ်။

တာမွန့်ကို ရေ အရင်တိုက်ပြီးနောက် သူ တာတာမီကြမ်းပြင်ပေါ် ထိုင်ပြီး စီးကရက် သောက်တယ်၊ အဲဒီနောက် စာအိတ်ထဲ ကြည့်လိုက်တော့ ယန်း တစ်သောင်း တန် အရွက် ၂၀ တွေ့ရတယ်။ တစ်လလောက် ပုံမှန်ရနေကျ ပမာဏကို တစ်ည အတွင်း သူ ရှာနိုင်ခဲ့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"မိုက်တယ်ကွာ။ တစ်ပတ်မှာ တစ်ခါလောက် ဒီလိုအလုပ်မျိုး ငါ လုပ်နိုင်ရင် မာယုမိအတွက် အရာရာ အဆင်ပြေအောင် ငါ လုပ်နိုင်မှာပဲ" လို့ ကာဇူမာဆာ ရေချွတ်ရင်း နောက်စီးကရက် တစ်လိပ်ကို မီးညှိလိုက်တယ်။

တာမွန်က သူ့ဘေးနား လာပြီး ခွေနေတယ်။ မျက်လုံးတွေ မှိတ်ထားပြီး ချက်ချင်းဆိုသလို ဟောက်တော့တာပဲ။

"ပင်ပန်းသွားပြီလား ကောင်လေးရဲ့" လို့ ကာဇူမာဆာ တိုးဖွဖွ မေးလိုက်တယ်။ သူကတော့ ယန်းတစ်သောင်းတန်တွေကို ထပ်ရေတွက်နေပြန်တော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

တီဗွီလိုင်းတိုင်းက သတင်းတစ်ပုဒ်တည်းကိုပဲ လွှင့်ဖနေတာ။ မနက်စောစောပိုင်းမှာ ကိုကုဘွန်ချိုက ကျောက်မျက်ရတနာဆိုင်မှာ ဓားပြတိုက်မှု ဖြစ်ပွားခဲ့ပြီး သူခိုးသုံးယောက် ထွက်ပြေးလွတ်သွားကြောင်းပေါ့။ ပါသွားတာက ယန်းတစ်သန်းပမာဏလောက် ရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ တန်ဖိုးကြီး နာရီတွေ။

လုံခြုံရေးကင်မရာတွေက အဖြစ်အပျက်တစ်ခုလုံးကို အမိအရ ရိုက်ကူးထားတယ်။ မျက်နှာဖုံးစွပ် လူသုံးယောက်က သံတူးရွင်း သုံးပြီး ပြတင်းပေါက်ကို ရိုက်ခွဲဝင်လာတာ။ အထဲရောက်တာနဲ့ ခင်းကျင်းပြသထားတဲ့ မှန်ပုံးတွေကို ရိုက်ခွဲပြီး သူတို့အိတ်အလွတ်တွေထဲ ရတနာတွေ၊ နာရီတွေ ထည့်တယ်။ ဖြစ်စဉ်တစ်ခုလုံးဟာ အစမှ အဆုံးတိုင် ငါးမိနစ်လောက်ပဲ ကြာတာ။

ချောချောမွေ့မွေ့ ဖြစ်သွားတဲ့ အခြေအနေကို အခြေခံပြီး စနစ်ကျတဲ့ ဂိုဏ်းတစ်ခုရဲ့ လက်ချက်လို့ရဲတပ်ဖွဲ့က သတ်မှတ်ကြောင်း သတင်းကြေညာသူက ပြောတယ်။

"ချီးပဲကွာ" လို့ ကာဇူမာဆာက ဗီဒီယိုကို တွေ့တော့ တုန်လှုပ်ပြီး ဆဲဆိုလိုက်တယ်။ ဗီဒီယို မကြည့်ခင်ကထိ သူဟာ ဓားပြတိုက်မှုရဲ့ တစ်စိတ်တစ်ပိုင်းလို့ မခံစားရသေးဘူး။ သူက ဒရိုင်ဘာပဲ လုပ်ပေးခဲ့တာလေ။ ဒါပေမဲ့ တကယ့် မှုခင်းရဲ့ ဗီဒီယိုကို ကြည့်လိုက်တော့မှ သူဟာလည်း ကြံရာပါဆိုပြီး သဘောပေါက်သွားတော့တယ်။

mgyoe.com

mgyoe.com

ယန်းတစ်သောင်းတန် အရွက် ၂ဝ က စိတ်ချမ်းသာစရာ မဖြစ်တော့ဘူး။ ပိုက်ဆံတွေ ဘယ်ကရလည်း မာယုမိ သိသွားရင် ဒေါသအိုး ပေါက်ကွဲတော့မှာပဲ။

"ဒါပေမဲ့ ငွေကတော့ ငွေပါပဲလေ" လို့ သူ ရေရွတ်ရင်း သူ့ကိုယ်သူ အားပေးဖို့ ကြိုးစားတယ်။

ပြီးတော့ ရှင်သန်ဖို့ သူ ငွေ လိုနေတာလေ။ အဲဒါအပြင် သူ့အမေရဲ့ အတိတ်မေ့ ရောဂါကလည်း အခြေအနေ ဆိုးဆိုးလာတယ်။ အစ်မမာယုမိ ခမျာ မှာလည်း အမေအတွက် သူ့ကိုယ်သူ စွန့်လွှတ် အနစ်နာခံနေရတယ်။

+

ကာဇူမာဆာ ငွေ လိုနေတာ။ ငွေရဖို့ ဘယ်အလုပ်မျိုးမဆို သူ လုပ်မှာပဲ။ ဒီနှစ် အစောပိုင်းက ဖြစ်ခဲ့တဲ့ လျှော့၊ ဆူနာမီ၊ နျူးကလီးယား စတာတွေက အလုပ် အတော်များများကို ပျောက်ပျက်သွားစေတယ်။ ကာဇူမာဆာက ရရာကောက်ရိုး ကို လှမ်းဆွဲဖို့ အဆင်သင့်ပဲ။ ခုတော့ အဲဒီကောက်ရိုးဟာ မီးဂဲလ်တို့အဖွဲ့ ဖြစ်နေပြီ။ ဥပဒေချိုးဖောက်တာလို့ သူ သိပေမဲ့ ဒီတစ်ခုပဲ လုပ်စရာ ရှိလို့ သူ လုပ်မှာပဲ။ သူ ဒါကိုမှ မလုပ်ရင် မာယုမိနဲ့ အမေ ရှင်သန်နိုင်မှာ မဟုတ်ဘူး။

"တာမွန် လမ်းလျှောက်ထွက်ချိန် ကျပြီ" လို့ အိပ်ပျော်နေတဲ့ ခွေးကို သူ ပြောတယ်။ တာမွန်က ခုန်ထပြီး တံခါးဆီ ဦးတည်သွားလေရဲ့။ သူ သွားနေပုံက ဒီတိုက်ခန်းမှာ နှစ်ပေါင်းများစွာ နေခဲ့သလိုလို။

ဒီတိုက်ခန်းအဆောက်အအုံရဲ့ နေထိုင်သူ အများစုဟာ လူလွတ်တွေ။ အားလုံးမှာ နေ့အချိန် အလုပ်တွေ ရှိကြပြီး အလုပ်သွားနေကြပြီမို့ ခွေးတစ်ကောင် ဒီမှာ ဘာလာလုပ်နေလဲ ဆိုပြီး ကာဇူမာဆာ့ကို မေးဖို့ လူတစ်ယောက်မှ မရှိကြဘူး။

ကာဇူမာဆာက တာမွန်နဲ့ အတူ လမ်းလျှောက်ထွက်လာတယ်။ ဘယ် သွားမယ် ဆိုပြီး ဦးတည်ရာ မရှိ။ ခွေးတစ်ကောင်ကို ဘယ်လို စောင့်ရှောက်ရမလဲ ဆိုတာ သူ အွန်လိုင်းမှာ ရှာဖွေခဲ့ပြီးပြီ။ အနည်းဆုံး တစ်နေ့ နှစ်ကြိမ်၊ တစ်ကြိမ်မှာ နာရီဝက်ထက် ပိုပိုသာသာ လမ်းလျှောက်ထွက်ပေးသင့်ကြောင်း ဆောင်းပါး တစ်ခုက ဆိုထားတယ်။

တာမွန်က ကာဇူမာဆာနဲ့ အတူလျှောက်ရင်း လည်ပတ်ကြိုးကို လုံးဝ

mgyoe.com

mgyoe.com SAMPLE BOOK


မတင်းမာစေဘူး။ သူက ကာဇူမာဆာ့ ဘယ်ဘက်ခြမ်းမှာပဲ အမြဲတစေ နေတယ်။ တာမွန်က ဆိုင်းဘုတ်တိုင်တွေမှာတော့ ခဏရပ်ပြီး သေးပန်းလေ့ ရှိတယ်။

"မင်းသခင်က မင်းကို သေချာ လေ့ကျင့်ပေးခဲ့တာ သေချာတယ်"

ကာဇူမာဆာ အထင်ကြီးမိတယ်။ သူ မြင်ဖူးတဲ့ ခွေးအသေးလေးတွေဆို သူတို့ အလိုရှိတဲ့နေရာ သွားချင်ရင် လည်ပတ်ကြိုးကို ရုတ်တရက် ဆောင့်ဆွဲတာမျိုး၊ သူတို့နဲ့ ထိပ်တိုက်တွေ့တဲ့ လူတို့၊ အခြားခွေးတို့ကိုဆို သံကုန်ဟစ်ပြီး ဟောင်တာမျိုး။ တာမွန်ကတော့ အဲဒီလိုခွေးမျိုး မဟုတ်တာ သိသာတယ်။ သူ့လည်ပတ်ကြိုး ဆွဲထားတဲ့ လူသားကို ယုံကြည်စိတ်ချပြီး လမ်းလျှောက်တာ။ ဒါပေမဲ့ ၁၀၀ ရာခိုင်နှုန်း စိတ်ချလက်ချ ဖြစ်တာတော့ မဟုတ်ဘူးပေါ့လေ။ တာမွန်က တကယ့်ပြီးပြည့်စုံတဲ့ အဖော်မွန်ကောင်းပါပဲ။

ကာဇူမာဆာက ဘယ်ဘက်က လမ်းကျဉ်းလေးထဲ ကွေ့ဝင်လိုက်တော့ တာမွန်နဲ့ တိုက်မိမလို ဖြစ်သွားတယ်။ တာမွန်က ညာဘက်ကို သွားဖို့ ကြိုးစားနေတာကိုး။

"ဟင်... မင်းက ဒီလမ်းကို သွားချင်တာလား"

ကာဇူမာဆာက ဘယ်နေရာရယ် ဆိုပြီး ဦးတည်သွားနေတာ မဟုတ်တော့ တာမွန့်ဦးဆောင်ရာ နောက်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

နောက်ထပ်လမ်းတစ်ခု ရောက်တော့ ကာဇူမာဆာက ညာဘက် ကွေ့ဝင်ဖို့ ကြိုးစားပေမဲ့ တာမွန်က တင်းခံနေတယ်။ သူက တည့်တည့်သွားချင်တာကိုး။

"တည့်တည့် သွားလို့ မရဘူး။ လမ်းမကြီး ရောက်သွားမယ်။ လူတွေ ကားတွေနဲ့ လမ်းလျှောက်ရ ခက်သွားမယ် တာမွန်ရေ"

တာမွန်က ရှေ့တူရူကိုပဲ မျက်နှာမူရင်း တုံ့ခနဲ ရပ်လိုက်တယ်။

"လာ သူငယ်ချင်းရေ... ဒီလမ်း"

ကာဇူမာဆာက လည်ပတ်ကြိုးကို ဆောင့်ဆွဲလိုက်တယ်။ သူ တဖြည်းဖြည်း သဘောပေါက်သွားတယ်။ တာမွန်က တောင်ဘက်ကို သွားဖို့ ကြိုးစားနေတာကိုး။

"ဟေး... တောင်ဘက်မှာ ဘာရှိလို့တုံး။ မင်းရဲ့ သခင် ရှိလို့လား။ ဒါမှမဟုတ် မင်း နေခဲ့တဲ့ နေရာလား"

တာမွန်က ကာဇူမာဆာ့ကို ကြည့်နေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


"မင်း သွားချင်တဲ့ နေရာကို ငါ သိရင် ခေါ်သွားပေးပါတယ်ကွာ။ ဒါပေမဲ့ ငါ မသိတော့ မကူညီနိုင်တာ ဆောရီးပါ ကောင်လေးရာ"

သူက လည်ပတ်ကြိုးကို ဖြည်းဖြည်း ဆွဲလိုက်တယ်။ ဒီတစ်ကြိမ်မှာတော့ တာမွန်က ချက်ချင်း နားခံတယ်။ သူတို့တွေ ညာဘက်ခြမ်းက လမ်းထဲ ကွေ့ဝင်ပြီး ဆက်လျှောက်ကြတယ်။

ဒါဆို တာမွန် တောင်ဘက် သွားချင်တာမှန်း ကာဇူမာဆာ အသေအချာ သိသွားပြီ။

+

နူမာဂူချီ ဖုန်းခေါ်တဲ့ အချိန်မှာ ကာဇူမာဆာက တာမွန့်အစာခွက် ဆေးနေတာ။

"သတင်း ကြည့်ပြီးပြီလား"

"အင်း"

"သူတို့တွေက မလွယ်ကြောပဲ"

"သူတို့က ဘယ်သူတွေလဲ"

"သိပ်မသိဘူး။ တိုကျိုမှာ စ,လုပ်ပြီး အိုဆာကာ၊ ပြီးတော့ ဂျပန်အနှံ့ သွားနေတော့တာပဲ။ သူတို့ကို ဆန်ဒိုင်းမှာ စောင့်ရှောက်ထားပေးဖို့ ငါ့ကို တောင်း ဆိုထားတာ။ အပြန်အလှန်အနေနဲ့ ခိုးရာပါပစ္စည်းတွေအတွက် အချိုးအစား ရမယ့် သဘောပေါ့"

"နားလည်ပြီ"

ပြီးခဲ့တဲ့ တစ်ခေါက်က ယန်း သန်းတစ်ရာလောက် ရှိခဲ့တာပဲ၊ အချိုးအစား နည်းရင်တောင် ယန်း သန်းချီရမှာပဲ။ ကာဇူမာဆာ့ကို ယန်းနှစ်သိန်း ပေးပြီးနောက် နူမာဂူချီ အတော်လေး အလုပ်ဖြစ်သွားတယ်။

"သူတို့တွေ နောက်အပတ် ထပ်လှုပ်ရှားကြမယ်"

"နောက်အပတ်... တကယ်လား။ ရဲတွေက ရှာဖွေဖော်ထုတ်နေဆဲပဲလေ"

"သူတို့ကိစ္စလေ။ အချိန်တိုအတွင်း လှုပ်ရှားပြီးတာနဲ့ နေရာ ထပ်ပြောင်း မှာပဲ"

ကာဇူမာဆာ ပင့်သက်ကို ထိန်းချုပ်ထားရတယ်။ ယန်း နှစ်သိန်း ပုံမှန် ရှာနိုင်တော့မယ့် မျှော်လင့်ချက်နဲ့ပေါ့။ မီဂဲလ်နဲ့ သူ့ဂိုဏ်းက ဆန်ဒိုင်းမှာ ကြာကြာ ရှိတော့မှာ မဟုတ်ဘူး။

mgyoe.com

m gyoe.com SAMPLE BOOK


"မိုက်ကယ် ဆိုတဲ့ တစ်ယောက်ကတော့ မင်းရဲ့ အစောင့်အရှောက် နတ်သားကို မျက်စိကျနေတာ။ သူ ဘာကို ဆိုလိုတာလဲ"

"ခွေးကို ပြောတာပါ"

"ဟိုခွေးလား၊ ထူးဆန်းလိုက်တာ။ ဘာပဲဖြစ်ဖြစ် ငါ မင်းကို အသေးစိတ် ပြောဖို့ ထပ်ဆက်သွယ်မယ်"

"အိုကေ၊ ကျွန်တော် စောင့်နေပါ့မယ်"

ကာဇူမာဆာ ဖုန်းချလိုက်တယ်။

"ဆက်လက်တည်ရှိနေဖို့ သိပ်ကောင်းလွန်းနေတာ ငါ သိပါတယ်" လို့ သူ တာမွန့်ကို ပြောတယ်။

တာမွန်က သူ့ဘက် လှည့်လာပြီး 'အဲဒီလိုပဲ ဆက်ဖြစ်မှာပဲ' လို့ ပြောနေသလိုပါပဲ။

+

ကာဇူမာဆာ့ အမေက သူ့သား ဘယ်သူလဲ ဆိုတာ မေ့သွားလောက်ပေမဲ့ တာမွန့်ကိုတော့ မမေ့ဘူး။

သူ ဟက်ဟက်ပက်ပက် ပြုံးရင်း တာမွန့်ကို အခန်းထဲ လက်ယပ်ခေါ်ပြီး ခေါင်းကို ပုတ်ပေးနေရဲ့။ "ကိုင်တို… ကိုင်တို" ဆိုပြီး ညင်ညင်သာသာ ခေါ်နေတော့တယ်။ တာမွန်ကလည်း ငြင်းဆန်ပုံ မပေါ်ဘူး။

"မာယုမိ ….ခဏလောက်" လို့ ကာဇူမာဆာက သူ့အစ်မကို မီးဖိုချောင်ထဲ ခေါ်တယ်။

"ဘာလဲ ပြောလေ"

"ရော့… အများကြီးတော့ မဟုတ်ဘူး။ ဒါပေမဲ့ တစ်ခုခုအတွက်တော့ အဆင်ပြေမှာပါ"

သူက မာယုမိကို စာအိတ်အညို ပေးလိုက်တယ်။ အထဲ ယန်း တစ်သိန်း။

မာယုမိက စာအိတ် ဖွင့်ကြည့်ပြီး ကာဇူမာဆာ့ကို နားမလည်နိုင်တဲ့ပုံနဲ့ ကြည့်တယ်။

"ဒါတွေ ဘယ်က ရတာလဲ"

"အပိုဝင်ငွေ နည်းနည်းပါ၊ ဂိမ်းဆော့ပြီး နိုင်ခဲ့တာပါ" လို့ ကာဇူမာဆာက သူ ပြင်ဆင်ခဲ့တဲ့အတိုင်း မုသားဆိုလိုက်တယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"နင် လောင်းကစားတွေ လုပ်နေတာလား" လို့ မာယုမိ ထပ်မေးတယ်။

"ဂိမ်းဆော့တာပါ။ လောင်းကစား မဟုတ်ပါဘူး။ အချိန်ဖြုန်းရုံ သက်သက် ကစားလိုက်တာ နိုင်သွားတာပဲ"

"စိတ်ထက်ထက်သန့်သန့်နဲ့ အကျင့်မလုပ်ပါနဲ့ ကာဇူမာဆာရယ်"

"မလုပ်ပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးပါ။ တကယ်အထောက်အကူ ဖြစ်တယ်" လို့ မာယုမိက စာအိတ်ကို သူ့ရင်ဘတ်ပေါ် ဖိထားပြီး ကျေးဇူးတင်တဲ့ အနေနဲ့ ခေါင်း ညိတ်ပြတယ်။

"ထားလိုက်ပါကွာ၊ ငါတို့က မိသားစုတွေပဲ"

"ဒါပေမဲ့ ကျေးဇူးတင်ရမှာပဲ။ အလုပ် အဆင်ပြေလား"

"အင်း... ခုတော့ အသားကျနေပါပြီ၊ မကြာခင် လခ ရတော့မယ်။ ထိုက် တန်သလောက်ပေါ့"

ကာဇူမာဆာက ပစ္စည်းပို့လုပ်ငန်းအတွက် ဒရိုင်ဘာအနေနဲ့ အလုပ် လုပ်နေကြောင်း မာယုမိကို ပြောပြတယ်။ မာယုမိက နူမာဂူချီကို သိတယ်။ ကာဇူ မာဆာက နူမာဂူချီဆီ အလုပ်လုပ်နေတာ သိသွားရင် မာယုမိ သောကဖြစ်သွား နိုင်တယ်။ သူ့ခမျာ မိခင်ကို စောင့်ရှောက်နေရတာတင် စိတ်ဖိစီးနေပါပြီ။ သူ့ကို အခြားပူပန်စရာတွေ ကာဇူမာဆာ ထပ်မပေးချင်တော့ပါဘူး။

"အကုန် မဖြုန်းလိုက်နဲ့နော်၊ နည်းနည်း စုထားဦး။ အမေ ပိုဆိုးလာရင် ငါ တစ်ယောက်တည်း အမေ့ကို ကြည့်ဖို့ မတတ်နိုင်ဘူး။ ငါတို့ ငွေ လိုတယ်"

"အဖေ့ အာမခံငွေ ဘယ်လောက် ကျန်သေးလဲ"

"သုံးသန်းလောက် ထင်တယ်"

"ဒါ အားလုံးပဲလား ...။ ငါ တိုကျိုမှာ အလုပ် ရှာသင့်ပြီ"

"အဲဒီအကြောင်း နင် လေးလေးနက်နက် စဉ်းစားသင့်တယ်နော်" လို့ မာယုမိက တည်တည်ငြိမ်ငြိမ် ပြောတယ်။

အမေ့အခန်းထဲက ရယ်သံတွေ သူတို့ ကြားရတယ်။ ပုံမှန်အခြေအနေ ဆိုရင်တော့ ဒါဟာ ဝမ်းသာစရာ အသံပေါ့။ ဒါပေမဲ့ သူတို့အမေ အခြေအနေအရ ဒီအသံဟာ သူတို့နှလုံးသားတွေကို ဆွဲညှစ်လိုက်သလိုပဲ။

"တာမွန်နဲ့ လမ်းလျှောက်ထွက်ကြမယ်။ ငါတို့ အားလုံးလေ" လို့ ကာဇူ မာဆာ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


မာယုမိ ခေါင်းညိတ်ပြပြီး "အမေက တာမွန် ဒီကို လာတိုင်း လမ်းလျှောက်ထွက်ရတာ သိပ်သဘောကျတာ။ မဟုတ်ရင် တစ်နေကုန် အိမ်ထဲမှာပဲလေ"

မာယုမိက ပိုက်ဆံစာအိတ်ကို သူ့ဂျင်းဘောင်းဘီရဲ့ အနောက်အိတ်ကပ်ထဲ ထည့်လိုက်ပြီး ရှေ့ဖုံးခါးစည်းကို ချွတ်လိုက်တယ်။

"အမေ... တာမွန်နဲ့ လမ်းလျှောက်ထွက်ချင်လား"

"အင်း... အင်း"

ကန္တကလျှအသံလေး ထွက်လာတာတော့ အံ့ဩစရာ မရှိတော့ပါဘူးလေ။

+

ဒီတစ်ခါတော့ သူတို့တွေ မတူညီတဲ့ လမ်းကြောင်းကို ယူလိုက်တယ်။ နာတိုရီမြစ်ကို ရောက်ဖို့ ဟင်းရွက်စိုက်ခင်းတွေ ဘေးကပ်လျက် လမ်းကနေ သွားတယ်။ မြစ်ကမ်းပါးနား နီးလာတော့ ခုံတန်းတွေ ရှိတဲ့ ပန်းခြံအသေးလေး ဘွားခနဲ ပေါ်လာရဲ့။

သူတို့သုံးယောက်သား ခုံတန်းတစ်ခုပေါ် ထိုင်ပြီး ကာဇူမာဆာက သူ့ဘေးနားမှာ ညာဘက်လက်ကနေ အိတ်တစ်အိတ် တွဲလောင်းချထားတယ်။ အလာလမ်းတုန်းက ကုန်မျိုးစုံဆိုင် ဝင်ပြီး အသားညှပ်ပေါင်မုန့်၊ ထမင်းလုံး၊ သောက်စရာတွေ ဝယ်ခဲ့တာ။

"ရာသီဥတု ကောင်းလိုက်တာနော်" လို့ မာယုမိက ကောင်းကင်ပေါ် မော့ကြည့်တယ်။ တိမ်ကင်းစင်တဲ့ နေ့မို့လို့ မပူလည်း မပူ၊ အေးလည်း မအေးပါ။ သူတို့ လမ်းလျှောက်လာလို့ ချွေးတွေ ထွက်ထားတော့ မြစ်ကနေ တိုက်ခတ်လာတဲ့ လေပြည်လေညင်းတွေကြောင့် နေလို့ ကောင်းနေရဲ့။

"အမေ ... တစ်ခုခု စားချင်လား" လို့ ကာဇူမာဆာ မေးတယ်။

"ဝက်ပေါက်ခြောက် ပေါင်မုန့်" လို့ သူ့အမေက မဆိုင်းမတွ ပြန်ဖြေတယ်။

ကာဇူမာဆာက ဝက်ပေါက်ခြောက်ပေါင်မုန့် အခွံကို ဖြေပေးနေရင်း ပြုံးနေရဲ့။ လိမ္မော်ရည်အအေးဘူးကိုလည်း ပိုက်တပ်ပေးပြီး သူ့အမေကို ပေးတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ကိုင်တို့ကို နည်းနည်း ကျွေးလို့ ရမလား" လို့ အမေက ပေါင်မုန့် ယူရင်း မာယုမိကို မေးတယ်။

"မရဘူး အမေ၊ လူအစားအစာတွေက ခွေးတွေအတွက် အဆိပ်ပဲ"

သူတို့အမေ မျက်နှာ ညှိုသွားပါလေရော။

ကာဇူမာဆာက အိတ်ထဲကနေ ကြက်သားအစာခြောက်ထုပ် ထုတ်လိုက်ပြီး "ဒီမှာ အမေ... ကိုင်တို့ကို ဒါ ကျွေးလိုက်နော်" လို့ ပြောတယ်။

"တကယ်လား"

အမေက အစာခြောက်ထုပ် လှမ်းယူတော့ တာမွန့်နားရွက် ထောင်လာတယ်။ ကာဇူမာဆာနဲ့ ပထမဆုံးအကြိမ် တွေ့တုန်းက သူ ကျွေးခဲ့တဲ့ အစာခြောက်ကို တာမွန် မှတ်မိနေတာ ဖြစ်မယ်။

သူတို့အမေက တာမွန့်ကို အစာကျွေးတော့ တာမွန်က တက်တက်ကြွကြွ အမြီးနှန့်ရင်း ဝါးစားနေတော့တယ်။

"တော်လိုက်တဲ့ ကောင်လေး ကိုင်တို" လို့ အမေက ပြုံးပြီး တာမွန့်ကို ငေးကြည့်နေတယ်။

"အမေလဲ စားဦးနော်" လို့ မာယုမိ ပြောတယ်။

သူတို့အမေက အသားညှပ်ပေါင်မုန့် တစ်ကိုက် စားလိုက်တယ်။

"ငါတို့လဲ စားရအောင်။ ငါ ဗိုက်ဆာနေပြီ" လို့ မာယုမိ ပြောတယ်။ သူက အာလူးသုပ်ပေါင်မုန့် စားပြီး ကာဇူမာဆာကတော့ ထမင်းလုံး စားလေရဲ့။ သူတို့နှစ်ယောက်စလုံး လက်ဖက်ရည်အေး သောက်ကြတယ်။

နေ့လယ်စာ စားပြီးနောက် ကာဇူမာဆာက မတ်တတ်ရပ်ပြီး ဆေးလိပ်သောက်ဖို့ ဟိုဘက်နား လျှောက်သွားတယ်။

သူ့အမေက တာမွန်နဲ့ စကား တတွတ်တွတ် ပြောနေတာကို မာယုမိ ပြုံးရင်း ကြည့်နေရဲ့။ သူတို့တွေကို ကြည့်ရတာ ပြီးပြည့်စုံတဲ့ မိသားစုလေးလိုပဲ။ တာမွန် ရှိနေတာရယ်၊ ဆောင်းဦးရာသီရဲ့ နေသိပ်မပြင်းတာရယ်ကြောင့် ချမ်းမြေ့ဖွယ် ကျေးလက်ပန်းချီကားလိုလို။

ကာဇူမာဆာ စီးကရက် သောက်ပြီးတဲ့အခါ ခုံတန်းနား ပြန်ရောက်လာတယ်။ မာယုမိ မျက်ရည်ဝဲနေတာကို သူ သတိထားမိသွားတယ်။

"ဘာဖြစ်လို့လဲ မာယုမိ"

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ ဘယ်လောက် ပျော်နေလဲ တွေးနေမိတာပါ။ ခက်ခဲကြမ်းတမ်းခဲ့ပေမဲ့ ဒီနေ့လို သာယာလှပတဲ့ နေ့လေးမှာ မြစ်နား လာပြီး ပျော်ပွဲစားထွက်တယ်။ ပြီးတော့ အမေ့ရယ်သံ ကြားရတာက ငါ့အတွက် သုခဘုံလိုပဲ။ ဒါကြောင့် မျက်ရည်ဝဲမိတာပါ"

ကာဇူမာဆာက သူ့အစ်မ ပခုံးပေါ် လက်တင်လိုက်တယ်။

"လွန်ခဲ့တဲ့ ခြောက်လတုန်းက ငါတို့တွေ ငရဲမှာ ရှင်သန်နေရသလို ဖြစ်ခဲ့တာ ယုံရခက်ခက်ပဲနော်" လို့ မာယုမိ ပြောတယ်။

"တာမွန့်ကို ကျေးဇူးတင်ရမယ်"

"သေချာတာပေါ့။ တာမွန့် ကျေးဇူးကြောင့် အမေက အရင်ဘဝလေး ပြန်ရလိုက်သလိုပဲ။ ငါတို့လဲ မိသားစုလိုက် လမ်းလျှောက်ထွက်နိုင်သွားတယ်။ တာမွန့်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိတယ်"

တာမွန့်အကြည့်တွေက သူတို့အမေဆီမှာပဲ။ အစာခြောက် နည်းနည်းကျန်သေးတာ သူ သိနေပုံပဲ။ ဒါပေမဲ့ တာမွန့် အကြည့်ကို အမေက ချစ်ခြင်းမေတ္တာရဲ့ လက္ခဏာလို့ မှတ်ယူပြီး ပျော်မဆုံး ဖြစ်နေတာ။

အမေ ပြုံးတာကို မမြင်ရတာ ဘယ်လောက် ကြာသွားပြီလဲ။ မာယုမိ ပြောတာ မှန်တယ်။ ဒါဟာ သုခဘုံပဲ ဖြစ်လောက်မယ်၊ နွေးထွေး အေးချမ်း ပျော်စရာကောင်းတဲ့ သုခဘုံ။

တာမွန်က ကာဇူမာဆာတို့ မိသားစုကို သုခဘုံနဲ့ အနီးဆုံး နေရာကို ခေါ်ဆောင်ပေးခဲ့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၆)

မိဂဲလ်နဲ့ သူ့အဖွဲ့ ကားထဲ ဝင်လာတယ်။ အရင်ကလိုပဲ ဟော်ဆေးက အရှေ့ခန်း ဝင်ထိုင်တယ်။ မိဂဲလ်က ကားနောက်ခန်းထဲမှာ ကိုယ်ခန္ဓာကို လှည့်ပြီး လှောင်အိမ်ထဲ သူ့လက်ညှိုးထိုးကာ တာမွန့် မေးစေ့အောက်ကို ပွတ်ပေးတယ်။

"ငါတို့ရဲ့ အစောင့်အရှောက် နတ်သားလေးနဲ့ ဒီနေ့လဲ အားလုံး အဆင်ပြေမှာပါ" လို့ မိဂဲလ် ပြောတယ်။

"ခင်ဗျား တာမွန့်ကို သဘောကျတာ သိပါတယ်" လို့ ကာဇူမာဆာ ပြောရင်း လီဗာ နင်းလိုက်တယ်။

"တာမွန် ဆိုတဲ့ နာမည်က ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော်လဲ စဉ်းစားမရဘူး။ သူက လေလွင့်ခွေးလေ။ သူ့လည်ပတ်မှာ တာမွန်လို့ ရေးထားလို့ သူ့နာမည်လို့ ထင်လိုက်တာပဲ"

"လေလွင့်ခွေးတဲ့လား... ဆူနာမီ နောက်ပိုင်းလား"

"ဖြစ်လောက်မယ်။ သူ့သခင် သေသွားတာ ဖြစ်ဖြစ်၊ သူနဲ့ ကွဲသွားတာ ဖြစ်ဖြစ်ပေါ့"

မိဂဲလ်က တာမွန့်ကို စကား လှည့်ပြောပြန်တယ်။ သူ ဘာဘာသာ စကားနဲ့ ပြောလဲတော့ ကာဇူမာဆာ မသိပေမဲ့ 'သနားစရာ ခွေးလေးပါလား' လို့ ပြောနေတာ ထင်ပါရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

မီဂဲလ်က ခွေးချစ်တတ်ပုံပဲ။

ကာဇူမာဆာက သူတို့ဂိုဏ်းကို နမ်ဘိုကု မြေအောက်ရထားလိုင်းပေါ်က နာဂမာချီ-မိနာမိ ဘူတာရုံကို ခေါ်သွားပေးဖို့ နူမာဂူချီက ညွှန်ကြားထားတယ်။ ဘူတာရုံအဝင်ဝနားမှာ သူတို့ကို ချပေးလိုက်တယ်။

"နာရီဝက်နေရင် ဒီမှာ ပြန်ဆုံကြမယ်" လို့ မီဂဲလ် ပြောပြီး ညအမှောင်ထုထဲ ဝင်ရောက် ပျောက်ကွယ်သွားတယ်။

ကာဇူမာဆာ ဦးတည်ရာမဲ့ ကားမောင်းနေပြန်ပြီ။ နာရီဝက်အကြာ ခုနက နေရာကိုပဲ သူ ပြန်ရောက်လာတယ်။ ဟိုလူသုံးယောက်လည်း ပေါ်လာပြီး အရင်လိုပဲ အေးအေးဆေးဆေးနဲ့ ပစ္စည်းတွေ သယ်လာတယ်။

ကာဇူမာဆာ ဒီတစ်ကြိမ်တော့ သိပ်မလန့်တော့ဘူး။ မလိုအပ်တာတွေ မပြောဘဲ N စနစ် ကင်မရာတွေကို ရှောင်ရှားရင်း သူ ကားမောင်းနေတယ်။ လူတွေက ဘယ်အရာနဲ့မဆို အကျွမ်းတဝင် ဖြစ်နိုင်သားပဲ။ ခပ်လှမ်းလှမ်းကနေ သူရဲ့ကားဥဩသံတွေ ကြားနေရပေမဲ့ သူတို့ရှိရာဘက်ကို ဦးတည်လာနေတာတော့ မဟုတ်ဘူး။ မီဂဲလ်နဲ့ သူ့လူတွေက ကြေးစား ကျွမ်းကျင်အဆင့်တွေပဲ။ ရာဇဝတ်မှု တစ်ခု မကျူးလွန်ခင် သူတို့ပစ်မှတ်တွေကို သတိကြီးကြီးနဲ့ စနည်းနာထားတာ သေချာတယ်။ အပြင်အဆင်တွေကို ကြိုသိထားတာဟာ အလုပ်ရဲ့ တစ်စိတ်တစ်ပိုင်းပဲလေ။ သူတို့တွေဟာ ကျောက်မျက်ရတနာဆိုင်တွေကို ဖောက်ထွင်းခိုးယူပြီး ရဲတွေ မရောက်ခင် ထွက်ပြေးလွတ်မြောက်နိုင်တဲ့ ကျွမ်းကျင်ဝိဇ္ဇာတွေပဲ။

အရင်တစ်ခါကအတိုင်းပဲ ကာဇူမာဆာက သူတို့ကို ကွန်ဒိုနဲ့ သိပ်မဝေးတဲ့ နေရာမှာ ချပေးလိုက်တယ်။ ပော်ဆေးနဲ့ ရစ်ကီက ခပ်သွက်သွက် ဆင်းသွားပေမဲ့ မီဂဲလ်ကတော့ ကားထဲမှာ ကျန်ရစ်ခဲ့တယ်။

"ဘာဖြစ်လို့လဲ" လို့ ကာဇူမာဆာ မေးတယ်။ သူ့ခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရဲ့။

"မင်းရဲ့ အစောင့်အရှောက်နတ်သားလေး ငါ့ကို ပေးပါလား" လို့ မီဂဲလ် ပြောတယ်။

"တာမွန်လား... မဖြစ်နိုင်ဘူး။ သူက ကျွန်တော့်ခွေးပါ"

"ယန်း ငါးသိန်း ပေးရင်ကော ဘယ်လိုလဲ"

ကာဇူမာဆာက မီဂဲလ်ကို မြန်မြန် ထွက်သွားလိုက်ဖို့ ပြောမိမလို ဖြစ်သွားပေမဲ့ သူ မျိုသိပ်လိုက်ပြီး "ယန်း ငါးသိန်းလား" လို့ ပြန်မေးလိုက်တယ်။

mgyoe.com
SAMPLE BOOK


"ငါ့ကို ခွေးပေးရင် ပေးမယ်"

"ဘာ့ကြောင့် အများကြီး ပေးမှာလဲ"

"တာမွန်က တကယ့် ခွေးအကောင်းစားလေး။ အစောင့်အရှောက် နတ်သားပေါ့ကွာ။ သူက ငါ့ကို ကံကောင်းမှုတွေ ယူဆောင်လာပေးမှာ။ သူနဲ့သာ အတူရှိနေရင် ရဲတွေရဲ့ အဖမ်းခံရမှာ မဟုတ်ဘူး။ ယန်း ငါးသိန်းက မလောက်လို့လား။ ယန်း တစ်သန်း ဆိုရင်ကော ဘယ့်နှယ်လဲ"

ကာဇူမာဆာ ချီတုံချတုံ ဖြစ်နေတယ်။ ဒီလောက် ငွေပမာဏ အများကြီး ရဖို့ လနဲ့ချီ ကြာနိုင်ပြီး ခုတော့ တစ်ထိုင်တည်း ချက်ချင်းလက်ငင်း ရနိုင်တဲ့ အခွင့်အရေး ရှိနေပြီ။ သူ လုပ်ရမှာက တာမွန့်ကို လက်လွှဲပေးလိုက်ရုံပဲ။ သူ တာမွန့်ကို သဘောကျတာ သေချာပေမဲ့ မကြာသေးခင်ကမှ ခေါ်မွေးထားတာပဲ။ ယန်း တစ်သန်းဟာ နည်းတဲ့ ပမာဏ မဟုတ်ဘူးလေ။ ဒီလောက် ငွေပမာဏနဲ့ဆို သူ မာယုမိကို အမှန်တကယ် ကူညီနိုင်ပြီ။

မာယုမိနဲ့ အမေ့ရဲ့ ပျော်ရွှင်မှုတွေကို တွေးမိပြီး သူ တာမွန့်ကို ရောင်းမိမလို ဖြစ်သွားတယ်။ အထူးသဖြင့် မီဂဲလ်ကလည်း ခွေးချစ်တတ်တာကိုး။ မီဂဲလ်က တာမွန့်ကို ကောင်းကောင်း ဆက်ဆံပြီး ဂရုစိုက်မှာ သေချာတယ်။ အဲဒီနောက် ကာဇူမာဆာ တာမွန်နဲ့ အကြည့်ချင်း ဆုံသွားတယ်။ တာမွန့် အကြည့်တွေဟာ ကာဇူမာဆာ့ စိတ်ကို ဖတ်နိုင်သလိုလို။

"မရောင်းနိုင်ဘူးဗျာ" လို့ ကာဇူမာဆာ ခေါင်းခါလိုက်တယ်။

"တာမွန်က ကျွန်တော့်အတွက် မိသားစုဝင်ပဲ။ ဘယ်လောက်ပေးပေး သူ့ကို မရောင်းဘူးဗျ"

"ကောင်းပြီ၊ ဆောရီးပါဗျာ။ ခင်ဗျားခံစားချက်ကို ကျွန်တော် နားလည်ပါတယ်။ ခွေးဆိုတာ အဖိုးတန်တာပဲ။ ခင်ဗျား ပြောတာ မှန်ပါတယ်"

မီဂဲလ် ကားပေါ်က ဆင်းသွားတယ်။ သူက တာမွန့်ကို ကာဇူမာဆာ နားမလည်တဲ့ ဘာသာစကားနဲ့ တစ်ခုခု ပြောသွားလေရဲ့။

"ထပ်တွေ့ကြတာပေါ့၊ အစောင့်အရှောက်နတ်သားလေးကို သေချာ ပေါက် ခေါ်လာဦး"

ကာဇူမာဆာ ခေါင်းညိတ်ပြပြီးနောက် မီဂဲလ်လည်း ကျောခိုင်းရင်း ထွက်သွားတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဆောရီး တာမွန်ရေ။ ငါ ခဏလောက် စိတ်လွတ်သွားတယ်။ မိုက်မိုက်မဲမဲ လုပ်မိတော့မလို့။ မင်းက ငါတို့မိသားစု ပျော်ရွှင်အောင် လုပ်ပေးခဲ့တာပဲလေ"

ကာဇူမာဆာက အနောက်ဘက်ရှိ တိုဟိုကုအမြန်လမ်းပေါ် လမ်းဆုံကို မောင်းသွားတယ်။ သူ့တိုက်ခန်းက ဆန့်ကျင်ဘက်မှာ ရှိပေမဲ့ သူ အခုချိန်ထိ မအိပ်ချင်သေးဘူး။ ကား ခပ်မြန်မြန် လျှောက်မောင်းချင်သေးတယ်။ အဲဒီလို မောင်းတာမျိုး အချိန်အတော်ကြာ မလုပ်ဖြစ်ခဲ့ဘူး။

သူ နောက်ကြည့်မှန်ထဲကနေ ကြည့်လိုက်တော့ တာမွန် တောင်ဘက်ကို မျက်နှာမူနေတာ တွေ့ရတာ အဆန်းတော့ မဟုတ်ပါဘူးလေ။

+

ဆန်ဒိုင်း-တိုဘု လေဆိပ်လမ်းဆုံမှာ အမြန်လမ်းကနေ ထွက်ပြီးနောက် ကာဇူမာဆာ ပင်လယ်ကို ဦးတည်သွားတယ်။ ဆူနာမီ ဖြစ်ပြီးကတည်းက ကမ်းရိုးတန်းဘက်တွေကို သူ ရှောင်ခဲ့တာ။ ရှူခင်းကတော့ အပျက်အစီးတွေနဲ့ စွဲကျန်ရစ်ဆဲပဲ။ ပြီးတော့ သူ ကြောက်လန့်နေတုံး။ ဒါပေမဲ့ ခြောက်လကုန်သွားပြီး ခုဆိုရင် တာမွန်ဆိုတဲ့ မိသားစုဝင် အသစ်လေးတောင် ရနေပြီ။ ဖြစ်ပျက်ခဲ့သမျှကနေ ရုန်းထွက်ပြီး အတိတ်ကို ချန်ခဲ့ရမယ့်အချိန် ကျနေပြီပဲ။ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ သူ ပင်လယ်ကိုတော့ သဘောကျတယ်။

ဆူနာမီ မဖြစ်ခင်က ဒီနားတစ်ဝိုက် မှိုလိုပေါက်နေတဲ့ အိမ်တွေ၊ ကုန်လှောင်ရုံတွေ မရှိတော့ဘူး။ ကမ်းရိုးတန်းတစ်လျှောက် တည်ရှိခဲ့တဲ့ ထင်းရှူးတောကိုတောင် ဆူနာမီရေလှိုင်းတွေက ဖျက်ဆီး ဝါးမျိုသွားပြီ။

ကာဇူမာဆာ ကားရပ်ပြီး တာမွန့်ကို အပြင်ထွက်စေကာ ပင်လယ်ကို ဦးတည်သွားတယ်။ အရုဏ်တက်ခါနီးနေပြီ။ မိုးကုပ်စက်ဝိုင်းက တဖြည်းဖြည်း ရောင်နီ ပျို့လာပြီ။ နေ့အချိန်မှာ နှစ်လိုဖွယ် ကောင်းခဲ့တဲ့ ပင်လယ်လေပြည်က သူ့အသားထဲထိ စိမ့်ဝင်အေးလာလေရဲ့။

ဆောင်းဦးရာသီရဲ့ အငွေ့အသက်တွေ ခပ်မြန်မြန် တိုးလာနေပြီပဲ။ 'လ' မရှိတဲ့ ကောင်းကင်မှာ ကြယ်တာရာတွေ တောက်ပနေတယ်။ သဲကို လာရိုက်ခတ်နေတဲ့ ပင်လယ်ရေလှိုင်းတွေရဲ့ အသံကိုပဲ သူ ကြားနေရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကာဇူမာဆာ ကမ်းခြေတစ်လျှောက် တိတ်တဆိတ် လမ်းလျှောက်နေလေရဲ့။ သူ အရင်ဦးဆုံး မြောက်ဘက် သွားတော့ တာမွန်က အနောက်ကနေ တည့်တည့် လိုက်လာပါလေရော။ ခဏကြာတော့ ကာဇူမာဆာ လှည့်ပြီး ညာဘက် ကွေ့လိုက်တယ်။ တာမွန် ချက်ချင်း အရှိန်မြင့်ပြီး သူ့နောက်ကနေ လိုက်တယ်။ တောင်ဘက်ကိုပဲ သွားဖို့ တာမွန် စိတ်ဝင်စားနေတာ။

ကာဇူမာဆာက လည်ပတ်ကြိုးကို ဖြေပေးလိုက်တယ်။ တာမွန်က ရပ်ပြီး နောက်ပြန် လှည့်ကြည့်တယ်။

"သွားတော့ သူငယ်ချင်းရေ... မင်း တောင်ဘက်ကိုပဲ သွားချင်နေတာ မဟုတ်လား။ တစ်ယောက်ယောက် စောင့်နေတာ မဟုတ်လား။ ထူးခြားတဲ့ တစ်စုံတစ်ယောက်လား။ အဆင်ပြေတယ်။ သွားလိုက်ကွာ။ မင်း သွားချင်တဲ့ နေရာ သွားလိုက်ပါ တာမွန်ရေ"

သူ ဘာကြောင့် ဒီစကားတွေ ပြောထွက်လာမှန်း သူ့ကိုယ်သူလည်း မသိတော့ဘူး။ တာမွန်က သူ့အတွက် သိပ်အဓိပ္ပာယ် ရှိတာ။ သူ့ဘဝထဲကနေ တာမွန်သာ ပျောက်ကွယ်သွားရင် သူရော သူ့အမေပါ လွမ်းကျန်ရစ်နေတော့မှာပဲ။ အမေ့ရောဂါလက္ခဏာတွေ ပိုဆိုးသွားလောက်မယ်။

ဒါပေမဲ့ ကာဇူမာဆာက သူ့နှလုံးသား အတွင်းနက်နက်ထဲက အသံတိုးတိုးလေးကိုလည်း နားထောင်တယ်။ တာမွန် သွားချင်တဲ့နေရာကို သူ လွှတ်ပေးသင့်တာကိုပေါ့။

"သွားတော့ တာမွန်" လို့ ကာဇူမာဆာ ပြောတယ်။ တာမွန်က သူ့ကို မော့ကြည့်ပြီး တောင်ဘက်ကိုပဲ မျက်နှာမူသွားတယ်။ မျက်လုံး မှေးပြီး လေရှူသွင်းနေရဲ့။ သူ့ခြေထောက်တွေ တင်းမာပြီး အဆင်သင့် ဖြစ်နေပုံက အချိန်မရွေး ပြေးသွားတော့ဖို့ ပြင်ဆင်ထားတဲ့ အတိုင်းပဲ။

ကာဇူမာဆာက တာမွန့်ကို သွားဖို့ ပြောလိုက်ပေမဲ့ သူ တကယ် ထွက်သွားတော့မယ့် အတွေးကြောင့် ကာဇူမာဆာ ကြေကွဲ ဝမ်းနည်းနေရတယ်။

ဒါပေမဲ့ တာမွန့်မှာလည်း သူ့ကိုယ်ပိုင်မိသားစု ရှိပြီး သူတို့တွေ အချင်းချင်း ကွဲကွာသွားတာပဲ ဖြစ်ရမယ်။ တာမွန်က သူ့မိသားစုကို ရှာတဲ့ ခရီးစဉ်မှာ ဆိုတာ ကာဇူမာဆာ သဘောပေါက်ပြီး သူက တာမွန့်အတွက် လမ်းမှာ ခေတ္တခဏ ဆုံရတဲ့ အဖော်တစ်ယောက်အပြင် မပိုဘူး။ အဲဒီအသိကြောင့် သူ တာမွန့်ကို ပြန်ဆွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ထားနိုင်မှာ မဟုတ်တော့ပါ။ လက်မလွှတ်တာက တာမွန် သူ့အပေါ် ပြသပေးခဲ့တဲ့ ချစ်ခြင်းမေတ္တာကို သစ္စာဖောက်သလို ဖြစ်သွားမယ်။

ဖိစီးတင်းမာမှုက တာမွန့်တစ်ကိုယ်လုံး စီးဆင်းနေရဲ့။ သူ လေရှူနေတာ ရပ်ပြီး ကာဇူမာဆာ့ဆီ ပြန်လျှောက်လာတယ်။ အဲဒီနောက် သူ့ကိုယ်ကို ကာဇူမာဆာ့ ပေါင်မှာ ဖိကပ်နေပုံက သူ့ကို ပွတ်သပ်ပေးဖို့ တောင်းဆိုနေသယောင်ယောင်။

"မင်း မသွားချင်တာ သေချာလား" လို့ ကာဇူမာဆာ မေးတယ်။

တာမွန်က အမြီးနှန့်ပြတယ်။

"တကယ် သေချာလား။ မင်း တစ်စုံတစ်ယောက်ကို အရူးအမူး ရှာချင်နေတာ မဟုတ်ဘူးလား"

တာမွန်က ကာဇူမာဆာ့ ပေါင်ကို ဖိကပ်ထားတုန်း။ ထွက်သွားဖို့ ရွှေ့တောင် မရွှေ့။

"ကျေးဇူးပါကွာ"

စကားလုံးတွေက ကာဇူမာဆာ့ နှလုံးသားထဲကနေ ပွင့်အန်ထွက်ကျလာတာ။ သူ့ဘဝမှာ ဘယ်သူ့ကိုမှ ဒီလိုမျိုး ကျေးဇူးမတင်ဖူးဘူး။

"ကျေးဇူးပါ တာမွန်ရေ"

သူ ဆောင့်ကြောင့်ထိုင်ပြီး တာမွန့်ကို ဖက်လိုက်တယ်။ တာမွန့်နှာခေါင်းက သူ့ပါးမှာ ဖိကပ်ထားရဲ့။ နှာခေါင်းက ရေခဲတမျှ အေးစက်နေတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၇)

"ဂိမ်း ထပ်နိုင်ပြန်ပြီလား"

မာယုမိက ကာဇူမာဆာ ပေးတဲ့ ငွေကို မသကာ်ဖွယ် ကြည့်နေရဲ့။

"အင်း... စစချင်း ကံကောင်းတယ် ထင်ရတာပဲ"

"လောင်းကစား မလုပ်ပါနဲ့လို့ နင့်ကို ငါ မပြောခဲ့ဘူးလား"

"ထပ်မလုပ်တော့ပါဘူး။ ငါကံကောင်းတာလဲ မကြာခင် သက်တမ်းကုန်တော့မှာပါ"

ကာဇူမာဆာနဲ့ မာယုမိက စတိုးဆိုင်ကနေ ထွက်လာပြီး ကားဆီ သွားတယ်။ ကာဇူမာဆာက ကားအဝေးကြီး မောင်းကြဖို့ အကြံပြုပြီးနောက် သူတို့တွေ ဇာအိုတောင် သွားရာ လမ်းမှာပေါ့။ လမ်းတစ်လျှောက် သူတို့အမေက ဗိုက်ဆာတယ် ညည်းညူလို့ ကိတ်ဆိုင် ဝင်ပြီး အသားညှပ်ပေါင်မုန့်တွေ၊ ကိတ်တွေ ဝယ်ကြတာ။

"နင် တာမွန့်ကို နေ့တိုင်းနီးပါး ခေါ်လာတယ်။ ကားအသစ်လဲ မောင်းနေတယ်။ ဘာတွေ ဖြစ်နေတာလဲ။ နင် အလုပ်မလုပ်နိုင်ဘူးလေ"

မာယုမိ အကြည့်က ကာဇူမာဆာ့ နှလုံးသားကို ဓားနဲ့ ထိုးလိုက်သလိုပဲ။

"ဂိမ်းကစားတာ နိုင်ထားတော့ အလုပ်ကနေ ခဏ နားထားတာ"။ သူဟာသအနေနဲ့ ပြောလိုက်ချင်ပေမဲ့ မာယုမိ မျက်နှာထားက မပျော့ပျောင်းလာဘူး။

mgyoe.com

"သံသယဖြစ်စရာ တစ်ခုခုထဲ နင် မပါဘူး မဟုတ်လား"

"သံသယ ဖြစ်စရာ ဆိုတာ နင် ဘာကို ဆိုလိုတာလဲ"

"နင် နူမာဂူချို့ဆီ အလုပ်လုပ်နေတာလို့ ကောလာဟလ ငါ ကြားထားတယ်။ အမှန်ပဲလား"

"ကြေးစားလူမိုက် နူမာဂူချီလား။ ရယ်စရာ မပြောပါနဲ့ကွာ" လို့ ကာဇူမာဆာ ခပ်တည်တည် ငြင်းလိုက်တယ်။ မာယုမိရဲ့ ပင်ကိုအသိဓာတ်ခံက အမြဲတစေ တန်းတန်းမတ်မတ်ကို မှန်နေတတ်တာ။

"ကာဇူမာဆာ...:" လို့ မာယုမိက သူ့လက်ကို ဆွဲကိုင်လိုက်တော့ သူ သွားနေရာကနေ ရပ်လိုက်တယ်။ မာယုမိ သူ့နာမည်ကို ခေါ်ပုံအရ သူ ရင်ဆိုင်ရ တော့မှာပဲ ဆိုတာ ကာဇူမာဆာ သိလိုက်ပြီ။

"ငါ့မှာ ပိုင်ဆိုင်တာဆိုလို့ နင်ပဲ ရှိတော့တာနော်။ နင် သိတယ် မဟုတ်လား။ နင် မဟုတ်တာတွေ လုပ်ရင် အမေနဲ့ ငါ ဘာဖြစ်သွားမလဲ"

"ငါ သိပါတယ်၊ သိတယ်" လို့ ကာဇူမာဆာ ပြောရင်း သုန်မှုန်နေပြီ။

"ဘာမှ မပေးဆပ်ဘဲနဲ့တော့ ပိုက်ဆံ လွယ်လွယ်ရမှာ မဟုတ်ဘူး။ နင် လုပ်နိုင်တဲ့ အလုပ်တွေ အများကြီးပဲလေ။ ငလျင်နဲ့ ဆူနာမီ နောက်ပိုင်း ပြန်လည် တည်ဆောက်ရေး လုပ်ငန်းတွေ ရှိလာတော့ အလုပ်သမားတွေ လိုအပ်နေတာ"

"ငါ သိပါတယ်လို့ ပြောပြီးပြီပဲ။ စိတ်တိုအောင် မလုပ်ပါနဲ့။ နင်က ငါတို့ရဲ့ နေ့လေးကို ဖျက်ဆီးလိုက်သလို ဖြစ်သွားမယ်"

ကာဇူမာဆာက မာယုမိလက်ကို ဆွဲဖြုတ်ပြီး ထွက်သွားတယ်။ သူတို့ အမေကတော့ ကားနောက်ခန်းက လှောင်အိမ်ဆန်ခါထဲရှိ တာမွန်နဲ့ စကား ပြောရင်း ရယ်နေလေရဲ့။

ကာဇူမာဆာ့ အစ်မရဲ့ စကားလုံးတွေက ထိမိ နာကျင်စေတယ်။ ဒါပေမဲ့ သူ စကားမများချင်တော့သလို သူ့အမေ အပြုံးတွေကိုလည်း ပျောက်ကွယ်သွား အောင် လုပ်ဖို့ မစွန့်စားချင်ဘူး။

"ငါ သင့်တော်တဲ့ အလုပ် ရှာမှာပါ" လို့ သူတို့ ကားနား ပြန်ရောက်တော့ ကာဇူမာဆာက မာယုမိဘက် လှည့်ပြီး ပြောတယ်။

မီဂဲလ်နဲ့ သူ့လူတွေ ဆန်ဒိုင်းကနေ မကြာခင် ထွက်သွားတော့မယ်။ ဒါဟာ ကာဇူမာဆာ ငွေ အလွယ်ရလမ်း အဆုံးသတ်တော့မယ့် သဘော။ သူ

mgyoe.com

 mgyoe.com SAMPLE BOOK 

အလုပ်ရှာမှ ဖြစ်တော့မယ်။ အခုချိန်ထိ သူဟာ ကာယအလုပ်သမားအဖြစ် အလုပ်လုပ်ဖို့ ရှောင်နေခဲ့ပေမဲ့ ထပ်ပြီး ဆင်ခြေပေးလို့ မရနိုင်တော့ဘူး။ နူမာဂူချီနဲ့အတူ ဆွဲချခံရဖို့ ဖြစ်ခွင့် မပေးနိုင်ဘူး။

"အမေ့အတွက် ဝက်ပေါင်ခြောက်ပေါင်မုန့် ဝယ်လာတယ်" လို့ ကာဇူမာဆာက သူ့အမေလက်ထဲ မုန့်ထည့်ပေးလိုက်တယ်။

"ကျေးဇူးပါ ကာဇူချန်" လို့ သူ့အမေ ပြောတယ်။

ကာဇူမာဆာ ရင်ထဲ ခိုက်သွားရဲ့။ သူ အထက်တန်း ပထမနှစ်နောက်ပိုင်းကတည်းက သူ့အမေ ဒီနာမည် မခေါ်တော့တာ။ အမေ့မှတ်ဉာဏ်တွေ မကောင်းလောက်တော့ပေမဲ့ သူ့ကိုတော့ မှတ်မိနေဆဲ။

"ကိုင်တိုက လမ်းလျှောက်ထွက်ချင်တယ်လို့ ပြောတယ်"

"ပန်းခြံကြီးကို ရောက်ဖို့ သိပ် မကြာတော့ဘူး။ အဲဒီမှာ သူနဲ့ လမ်းလျှောက်ကြတာပေါ့"

"အိုကေ"

မာယုမိ ကားရှေ့ခန်း ဝင်ထိုင်လိုက်တယ်။ ကာဇူမာဆာ ကားစက်နိုးတယ်။

"ကိုင်တို့ကို ချစ်တယ်" လို့ သူ့အမေ ပြောပြီး ပေါင်မုန့်တစ်ကိုက် စားနေတယ်။

"ကျွန်တော်တို့အားလုံး ကိုင်တို့ကို ချစ်ကြတယ် မဟုတ်လား" လို့ ကာဇူမာဆာ ကားနောက်ဆုတ်ရင်း ပြောလိုက်တယ်။

"ကိုင်တိုကလဲ အားလုံးကို ချစ်ပါတယ်လို့ ပြောတယ်" လို့ သူ့အမေက ပြောတယ်။

အမေ့မျက်နှာမှာ ပျော်ရွှင်မှုအစစ်အမှန်က အထင်းသား။

+

ဒုတိယမြောက် စားပြတိုက်မှု အပြီး ဆယ်ရက်အကြာမှာ နူမာဂူချီက ကာဇူမာဆာ့ဆီ ထပ်ဆက်သွယ်လာတယ်။ ဂိုဏ်းနဲ့ ချိန်းပြီး သူတို့ သတ်မှတ်ထားတဲ့ နေရာမှာ ချပေးမယ်။ ပြီးရင် ပြန်ဆုံပြီး ကွန်ဒိုကို ပို့ပေးဖို့၊ အလုပ်ကတော့ လွယ်ပါတယ်။

mgyoe.com

m gyoe.com
 SAMPLE BOOK 

ရဲတွေ လိုက်လာမှာကိုလည်း စိုးရိမ်စရာ မရှိ။ မိဂဲလ်နဲ့ သူ့လူတွေက ကြေးစား ကျွမ်းကျင်အဆင့်တွေပဲကိုး။

"ဆန်ဒိုင်းမှာ ဒါ နောက်ဆုံးလုပ်တာလို့ ထင်တာပဲ" လို့ နူမာဂူချီ ပြော တယ်။

"သူတို့ သွားရင်ကော ဒီလိုပုံစံ အလုပ်တွေရရင် မင်း ဘယ်လို သဘော ရလဲ"

"ထပ်မလုပ်တော့ဘူးဗျာ။ ကျွန်တော့်မိသားစုက စိုးရိမ်နေတာ။ ဒီ တစ်ခေါက် ပြီးတာနဲ့ သင့်တော်တဲ့အလုပ် ရှာတော့မယ်ဗျာ"

"အိုကေ၊ မင်းကို အတင်းအကျပ် မတိုက်တွန်းပါဘူး။ ဒီနောက်ဆုံး တစ်ခေါက်ကိုတော့ ဂရုစိုက်ပါ" လို့ နူမာဂူချီက ရယ်ပြီး ဖုန်းချသွားတယ်။

ကာဇူမာဆာက ဝင်ငွေ တစ်ဝက်လောက်ကို မာယုမိကို ပေးလိုက်ပြီး ကျန်တာ သိမ်းထားတာ ဆိုပေမဲ့ ခုထိ မထိတွေ့ရသေးဘူး။ ဒီအလုပ်ကြောင့် နောက်ထပ် ယန်း နှစ်သိန်းလောက် ရမယ်။ လက်ထဲ ငွေသား ယန်း လေးသိန်း လောက်နဲ့ဆို သင့်တော်တဲ့အလုပ် ရှာနေစဉ် သူ အသက်ရှူ ချောင်နိုင်တယ်။

"သွားကြစို့" လို့ ကာဇူမာဆာက တာမွန့်ကို ပြောလိုက်တယ်။ တာမွန် က တံခါးနားမှာ လှဲနေတာ။ ကာဇူမာဆာ့အသံ ကြားတာနဲ့ သူ ထပြီး ပျင်းကြော ဆန့်လိုက်တယ်။ ကာဇူမာဆာရဲ့ ခြေဟန်လက်ဟန်ကို သူ သဘောပေါက်ပြီး သူတို့ ဒီည အပြင်ထွက်တော့မယ် ဆိုတာ သူ နားလည်လိုက်ပုံပဲ။ တာမွန်က စိတ်ကို ဖတ်တဲ့နေရာမှာ ဆရာကြီးလေ။

ကာဇူမာဆာက ကားနောက်ခန်းတံခါး ဖွင့်လိုက်တဲ့အခါ တာမွန် ခုန်ဝင် သွားတယ်။ သူ လျောင်အိမ်ထဲ လိုလိုလားလား ဝင်သွားပြီး ကာဇူမာဆာ တံခါး ပိတ်ပေးဖို့ကို စောင့်နေလေရဲ့။

"ဒီတစ်ခါ နောက်ဆုံးပဲ သူငယ်ချင်းရေ၊ မင်းအလုပ်က ငါတို့ကို ကာကွယ် ပေးဖို့ပဲ"

ကာဇူမာဆာ ဆုတောင်းတဲ့အနေနဲ့ လက်အုပ်ချီလိုက်တယ်။

တာမွန်က သမ်းနေတယ်။

အောက်တိုဘာ ရောက်ခါနီးပြီမို့ အအေးဓာတ် ဝင်စပြုနေပြီ။ ကာဇူ မာဆာ့ မျက်နှာ ဖြူရော်ရော်နဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK


ကာဇူမာဆာက ဒရိုင်ဘာခုံပေါ် ဝင်ထိုင်ပြီး ကားစက်နှိုးတယ်။ စီးကရက်မီးညှိပြီးနောက် တာမွန် ဆေးလိပ်ငွေ့ မရှူမိအောင် သူ ကားမှန် ချလိုက်တယ်။ ရုတ်တရက် ကားထဲက အပူချိန် ထိုးကျသွားပုံက မခံမရပ်နိုင်အောင်ပဲ။ ကာဇူမာဆာ စီးကရက်ကို ဖိခြေငြိမ်းသတ်ပြီး ကားမှန် ပြန်တင်လိုက်လေရဲ့။

"အရင်ကဆို ဆေးလိပ်သောက်ရင် ဘယ်သူ့ကျန်းမာရေးကိုမှ ဂရုစိုက်ခဲ့တာ မဟုတ်ဘူး" လို့ သူက တာမွန့်ကို ပြောတယ်။

တာမွန်ကတော့ တောင်ဘက်ကို မျက်နှာမူနေရဲ့။

သူခိုးဂိုဏ်းကတော့ ပုံမှန်နေရာမှာပဲ စောင့်နေကြတယ်။ ဒီညလည်း မီဂဲလ်က ကားနောက်ခန်းမှာပဲ ဝင်ထိုင်တယ်။ သူ တာမွန့်ကို တစ်စုံတစ်ခု ပြောပြီး ပြုံးနေတယ်။ အဲဒီနောက် သူက "ကိုကုဘွန်ချိုကို မောင်းပါ" လို့ ပြောတယ်။

"အဲဒီနေရာပဲလား"

ပထမဆုံးစားပြတိုက်မှုက ကိုကုဘွန်ချိုမှာ လုပ်ရှားခဲ့တာ။ တူညီတဲ့နေရာကိုပဲ ဒုတိယအကြိမ် ထပ်ကြိုးစားတာ သူတို့ ရူးများ ရူးနေပြီလားလို့ ကာဇူမာဆာ တွေးမိရဲ့။

"ရဲတွေ အစောင့်ထားမှာ မဟုတ်ဘူး။ ဒီနေရာကိုပဲ ငါတို့ ထပ်လာမှာလို့ သူတို့ မျှော်လင့်ထားမှာ မဟုတ်ဘူးလေ"

ကာဇူမာဆာ ခေါင်းညိတ်ပြီး ကိုကုဘွန်ချိုဘက် မောင်းထွက်လာတယ်။ သူတို့တွေက ကျွမ်းကျင်သူတွေပဲ။ သူ့လို အတွေ့အကြုံ နုသူအနေနဲ့ ဝင်စွက်စရာမှ မလိုတာ။

"ဆန်ဒိုင်းမှာ ဒီည နောက်ဆုံး လှုပ်ရှားတာပဲ" လို့ မီဂဲလ်က အသိပေးတယ်။

"ဒါကြောင့် ငါ ထပ်တောင်းဆိုဦးမယ်၊ မင်းရဲ့ အစောင့်အရှောက် နတ်သားလေးကို ရနိုင်မလား"

ကာဇူမာဆာ ခေါင်းခါပြပြီး–

"မဖြစ်နိုင်လို့ပါဗျာ"

"ကောင်းပါပြီ" လို့ မီဂဲလ် ရယ်မောပြီး အတင်းအကျပ် မပြောတော့ဘူး။

ကာဇူမာဆာက သူတို့ကို ကိုကုဘွန်ချိုရဲ့ ဆင်ခြေဖုံးဘက်မှာ ချပေးပြီး အချိန်မကုန်ကုန်အောင် ကားလျှောက်မောင်းနေလိုက်တယ်။ မီဂဲလ် ခန့်မှန်းထားသလိုပဲ အနီးဝန်းကျင်မှာ ကင်းလှည့်ကား တစ်စီးတလေ၊ ရဲ တစ်ယောက်ယောက်

mgyoe.com

SAMPLE BOOK

တောင် ကာဇူမာဆာ မတွေ့မိဘူး။ ပထမဆုံးဖောက်ထွင်းမှု ဖြစ်ပြီး သုံးပတ်နီးပါး ကုန်လွန်သွားပြီပဲ။ ဒီနေရာတစ်ဝိုက်မှာ စုံစမ်းစစ်ဆေးတာတွေ ပြီးသွားတာ ဖြစ်လောက်မယ်။

နာရီဝက်အကြာမှာ ကာဇူမာဆာ ခုန နေရာကို ပြန်ရောက်လာတယ်။ မိဂဲလ်နဲ့ သူ့လူတွေ ကားပေါ် တက်ကြတယ်။ သူတို့ ကြည့်ရတာ အေးအေးဆေးဆေး ဖြစ်ပြီး ပစ္စည်းတွေ ပါလာတယ်။ ချွေးတစ်ပေါက်တောင် မကျဘူးပဲ။

"ကီမူရာစံ... ငါတို့ကို စောင့်ရှောက်ပေးလို့ ကျေးဇူးပါပဲဗျာ။ ဆန်ဒိုင်းက တကယ်ကောင်းတဲ့ မြို့ပဲ။ ငါ ပြန်လာချင်သေးတယ်"

"နောက်တစ်နေရာက ဘယ်ကို သွားမှာလဲ"

မိဂဲလ် ခနဲ့တဲ့တဲ့ ပြုံးနေတာကို နောက်ကြည့်မှန်ထဲကနေ ကာဇူမာဆာ တွေ့ရတယ်။

"အဲဒါကတော့ လျှို့ဝှက်ချက်ပေါ့ကွာ"

"အို... ဟုတ်တာပေါ့။ စဉ်းစားဉာဏ် မရှိတဲ့ မေးခွန်း မေးမိသွားတယ်"

ကာဇူမာဆာ ပါးစပ်ပိတ်ပြီး ကားမောင်းတာကိုပဲ အာရုံစိုက်နေလိုက်တယ်။

သူတို့သုံးယောက်က ခါတိုင်းထက် ပိုစကားများနေကြတယ်။ ဆန်ဒိုင်းမှာ နောက်ဆုံးအလုပ် ဖြစ်လို့ သူတို့တွေ စိတ်အေးလက်အေး ဖြစ်နေတာ ထင်တယ်။

ကွန်ဒိုတိုက်ခန်း မြင်ကွင်းထဲ ပေါ်လာတယ်။ ကာဇူမာဆာ ကားအရှိန် လျှော့လိုက်တယ်။

တာမွန့်ကို နောက်ကြည့်မှန်ထဲကနေ မြင်နေရတယ်။ "ဟာင်..."။ သူ ခါတိုင်းနဲ့မတူ ထူးခြားနေတယ်။ ကာဇူမာဆာ အားစိုက်ပြီး သတိရှိရှိ ကြည့်လိုက်တယ်။ တာမွန်က ကွန်ဒိုဘက် ကြည့်နေရဲ့။ သူ ပုံမှန် မျက်နှာမူနေကျ တောင်ဘက် မဟုတ်ဘဲ ကွန်ဒိုဘက်ကို ဘာကြောင့် ကြည့်နေတာများလဲ။

ကာဇူမာဆာ ဘရိတ်နင်းလိုက်ချိန်မှာ သံသယတွေ ကြီးထွားလာတယ်။ ကား လုံးဝ မရပ်လိုက်ခင် တာမွန် စ,ဟောင်ပါလေရော။

"ဘာဖြစ်တာလဲ တာမွန်"

ကာဇူမာဆာက ပါကင်ဂီယာ ဆွဲထားရင်း ကားနောက်ခန်းကို လှည့်ကြည့်တယ်။ တာမွန် အရင်က ဒီလိုပုံစံမျိုး မပြုမူဖူးဘူးလေ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ရုတ်တရက် မီဂဲလ် ထ,အော်တယ်။ ဟော်ဆေးနဲ့ ရစ်ကီတို့လည်း ကားပေါ်ကနေ အလုအယက် ဆင်းကြတယ်။ ကားနှစ်စီး အကွာအဝေး မရှိတရှိ အရှေ့မှာ လူသုံးယောက် သတ္တုဘက်တံနဲ့ သံပိုက်လုံးတွေ ကိုင်ရင်း ရပ်နေကြတယ်။ သူတို့တွေ ဘေးလမ်းကနေ ရုတ်တရက် ထွက်လာတာ။ ကားနောက်ဘက်ဘေးလမ်းတစ်ခုကနေ နောက်ထပ် လူသုံးယောက် ပေါ်လာပြန်တယ်။

"မောင်းတော့" လို့ မီဂဲလ် အော်ဟစ်တယ်။

ကာဇူမာဆာ ပါကင်ဂီယာကို လွှတ်ပြီး မောင်းဖို့ ပြောင်းလိုက်တယ်။ ဟော်ဆေးက ကားထဲ ပြန်ဝင်ပြီးပြီ ဆိုပေမဲ့ ရစ်ကီကတော့ ရှေ့ခန်း ဝင်ထိုင်ဖို့ အပြင်းအထန် ကြိုးစားနေရတယ်။ ခြေတစ်ဖက်က ကားထဲမှာ။ တစ်ဖက်က အပြင်မှာ ဖြစ်နေရဲ့။

"မြန်မြန်မောင်း" လို့ မီဂဲလ် အော်တယ်။

"ဒါပေမဲ့ ရစ်ကီ..."

"မင်း မသေချင်ရင် အခု မောင်းတော့"

ကာဇူမာဆာလည်း လီဗာ အလိုအလျောက် နင်းမိသွားတယ်။ ရစ်ကီက ပလက်ဖောင်းပေါ် လိမ့်ကျသွားတယ်။ လမ်းက လူတွေ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်သွားတယ်။

"အရှိန်တင်မောင်းတော့" လို့ မီဂဲလ် အော်ပြောတယ်။

"အင်း... အင်း"

သူတို့လမ်းကြောင်းမှာ လူတစ်ယောက် ခါးထောက်လျက် တုတ်တုတ်မှ မလှုပ် ရပ်နေတာ။ ကာဇူမာဆာက စတီယာတိုင်ကို တစ်ဖက်ကို လှည့်လိုက်တယ်။ ကားဘီးချော်ပြီး တာယာတွေ ကျွီခနဲ မြည်သွားတယ်။ ဟိုလူ့ကို သူ မတိုက်မိအောင် လုပ်လိုက်နိုင်ရုံလေး။ ရှေ့မှာ နံရံပေါ်လာတယ်။ အဲဒီနောက် ဗင်ကားတစ်စီး ဘေးလမ်းကနေ အရှိန်နဲ့ ထွက်လာတယ်။ ကာဇူမာဆာ ဘရိတ်ကို ဆောင့်နင်းလိုက်တယ်။ နံရံက ပေအနည်းငယ် အကွာမှာလေ။ သူတို့ နံရံကို တိုက်မိတော့မလို့။

ကာဇူမာဆာ ခေါင်းဆောင့်မိသွားတယ်။ တာမွန့် ဟောင်သံ ကြားပြီးနောက် ကားတိုက်သံ အကျယ်ကြီး။ အဲဒီနောက်မှာတော့ အမှောင်ထုက သူ့ကို ဝါးမျိုသွားတယ်။

+

mgyoe.com

mgyoe.com SAMPLE BOOK


ကာဇူမာဆာ မချိမဆံ့ဝေဒနာ ခံစားရရင်း နိုးလာပြီး ညည်းညူနေတယ်။ သူ့ခေါင်း၊ လည်မျို၊ နံရိုးတွေ နာကျင်ကိုက်ခဲနေတယ်။ ကားထဲမှာလည်း မီးခိုးတွေ အပြည့်။ သူ့ခမျာ တစ်ကိုယ်လုံး တုန်လှုပ်နေတယ်။

သူ တဖြည်းဖြည်း မှတ်မိလာတယ်။ ဗင်ကားက သူတို့ကားကို ဘေးကနေ တိုက်ပစ်လိုက်တာပဲ။

"တာမွန်" လို့ သူ ခေါ်ပေမဲ့ တုံ့ပြန်မှု မရှိ။

ကာဇူမာဆာ နာကျင်လွန်းလို့ မျက်နှာ ရှုံ့မဲ့ရင်း သူ့ထိုင်ခုံခါးပတ်ခေါင်းကို ဖြုတ်ပြီး ကားထဲကနေ ထွက်ဖို့ ကြိုးစားတယ်။ တံခါးက လော့ကျနေတယ်။ လှုပ်တောင် မလှုပ်။

"ကျေးဇူးပြုပြီး ရပါတော့။ ငါကိုယ်ငါ ဂရုမစိုက်ပါဘူး။ တာမွန့်ကို ကယ်မှ ဖြစ်မယ်"

သူ ကားတံခါးကို ပခုံးနဲ့ ဆောင့်ပစ်လိုက်တော့ တံခါး ပွင့်သွားတယ်။ သူလည်း ထွက်ကျသွားလေရဲ့။ မတ်တတ်ရပ်ဖို့ ကြိုးစားပေမဲ့ ခန္ဓာကိုယ်အောက်ပိုင်းက သူ့အလို မလိုက်နိုင်တာကို တွေ့လိုက်ရတယ်။ ချွေးတွေ မျက်လုံးထဲ စီးဝင်လာလေရဲ့။ နဖူးကို သုတ်ပစ်လိုက်တော့ ချွေးမဟုတ်တဲ့ တစ်စုံတစ်ရာကို လက်က စမ်းမိလို့ သူ တွန့်သွားတယ်။ နဖူးတစ်ပြင်လုံး သွေးတွေ။

အေးလိုက်တာ။ ရေခဲတမျှ အေးစက်နေပြီ။ ကာဇူမာဆာ ခိုက်ခိုက်တုန်နေပြီး သွားချင်း ရိုက်နေတယ်။

ညည်းတွားသံတွေကို သူ ကြားနေရပြီး သူ့ခန္ဓာကိုယ်ကို နိုင်လွန်ကတ္တရာပေါ် လိမ့်လိုက်ပြီး အသံလာရာကို ရှာတယ်။ သူ့လိုမျိုးပဲ လမ်းပေါ်မှာ ထွန့်ထွန့်လူးနေတဲ့ လူတွေကို တွေ့ရတယ်။ ကာဇူမာဆာတို့ဆီ ဘေးလမ်းကနေ ရုတ်တရက်လိုက်လာခဲ့ကြတဲ့ လူတွေ။ သူတို့တွေရဲ့ ဘက်တံနဲ့ သံပိုက်လုံးတွေက မြေပြင်ပေါ်မှာ ပြန့်ကျဲနေတယ်။

တာမွန် ဘယ်မှာလဲ။ မီဂဲလ်ကော ဘယ်ရောက်နေလဲ။

ကာဇူမာဆာ လည်ဆန့်ပြီး ပတ်ပတ်လည် ကြည့်တော့ မီဂဲလ်ကိုတွေ့လိုက်ပေမဲ့ ဟော်ဆေးနဲ့ ရစ်ကီကိုတော့ မတွေ့။ လမ်းမီးရဲ့ အလင်းကြောင့် မီဂဲလ်ကိုမြင်နေရတာ။ သူလည်း သွေးအလူးလူး။ သူ့ညာလက်မှာ ဓားကိုင်ထားပြီး ဘယ်ဘက်မှာတော့ ကြိုးတစ်စ။

mgyoe.com

mgyoe.com SAMPLE BOOK



'ကြိုးလား… မဟုတ်ဘူး။ လည်ပတ်ကြိုးပဲ။ တာမွန်နဲ့ လည်ပတ်ကြိုး'

ကာဇူမာဆာ လည်ပတ်ကြိုးအနောက်ကို လိုက်ကြည့်တော့ မီဂဲလ် နောက်မှာ တာမွန် လမ်းလျှောက်နေတာ တွေ့ရတယ်။

"တာမွန်" လို့ သူ အော်ခေါ်လိုက်ပေမဲ့ အော်သံလို့ ထင်ရတဲ့ အသံက တိုးညင်းညင်းပဲ ထွက်လာတယ်။

တာမွန်က ရပ်လိုက်ပြီး ပတ်ပတ်လည် လျှောက်ကြည့်နေတယ်။

"တာမွန်… တာမွန်ရေ"

တာမွန်က သူ့အနား လာဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူ့လည်ပတ်ကြိုး ဆုံးသွားတဲ့ထိ ရောက်တာနဲ့ ချက်ချင်း သူ့ကို မီဂဲလ်က ပြန်ဆွဲလိုက်တယ်။

"ငါ့ကို စောင့်ဦး တာမွန်"

ကာဇူမာဆာ လက်ဆန့်ထုတ်လိုက်ပေမဲ့ မီဂဲလ်က ငုံ့ပြီး တာမွန့်ကို ကောက်ချီလိုက်တယ်။ အဲဒီနောက် ခွေးကို ပွေ့ပိုက်ပြီး ထွက်ပြေးသွားတယ်။

"တာမွန်…"

ကာဇူမာဆာ တုန်လှုပ်နေပြီး နာကျင်မှုကလည်း ဆိုးရွားလာတယ်။

"မင်း တာမွန့်ကို ဘယ်ခေါ်သွားတာလဲ မီဂဲလ်။ ငါ့အမေနဲ့ အစ်မ ဘယ်လိုလုပ်ကြမလဲ"

တာမွန်နဲ့ မီဂဲလ်ကတော့ မြင်ကွင်းကနေ ပျောက်သွားတယ်။

"တောင်းပန်ပါတယ် အမေရယ်၊ ဆောရီးပါ မာယုမိ" လို့ ကာဇူမာဆာ ရေရွတ်ရင်း မျက်လုံးတွေ ပိတ်သွားတယ်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

# အပိုင်း (၂)

# သူခိုးနှင့် ခွေး

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

မိဂဲလ်က စားသွားကို ထောက်ခံနဲ ပိတ်လိုက်ပြီး အနောက်အိတ်ကပ်ထဲ ထည့်လိုက်တယ်။ လည်ပတ်ကြိုးရဲ့ ဆောင့်ဆွဲမှုကို ခံစားရတယ်။ ခွေးက သူ့သခင်ကို ပတ်ပတ်လည် ရှာနေတာ။ သူ ခွေးကို ခပ်ဆတ်ဆတ် ပြစ်တင် မောင်းမဲလိုက်တယ်။ အလွန်ပြင်းထန်တဲ့ ကားတိုက်မှုကြီး ဖြစ်ခဲ့တာပဲ။ ဂျပန်နဲ့လည်း သေသွားရှာပြီ။

ဒေါသထွက်နေတဲ့ အော်သံတွေ မိဂဲလ် ကြားနေရတယ်။ ယာဉ်ကူဇာတွေ သူ့နောက် လိုက်နေတာပဲ။

"သွားကြစို့" လို့ သူ ခွေးကို ပြောရင်း လည်ပတ်ကြိုးကို အသာလေး ဆွဲပြီး လိုက်လာအောင် လုပ်တယ်။

သူတို့ ကျဉ်းမြောင်းတဲ့ လမ်းတွေ တစ်လမ်းပြီးတစ်လမ်း ထွက်ပြေးလာတယ်။ လမ်းမီးတွေရဲ့ စူးရှတောက်ပမှုတွေနဲ့ ဝေးရာ အမှောင်ထဲမှာပဲ သွားကြတယ်။ မိဂဲလ်က ဒီနေရာကို ကောင်းကောင်း မသိပေမဲ့ အမှောင်ထဲမှာတော့ သူ့လမ်း သူ အလွယ်တကူ သွားနိုင်တယ်။ အမှောင်ထုဆိုတာ သူ သိတတ်စ အရွယ်ကတည်းက သူ့အိမ် ဖြစ်ခဲ့တာပဲလေ။

ခဏကြာတော့ ခွေးက နောက်ပြန်လှည့်ကြည့်တယ်။ တော်လိုက်တာ။ သူ မိဂဲလ်ကို သူ့သခင်အသစ်အဖြစ် လက်ခံလိုက်ပြီပဲ။ ခွေးက ဂျပန်တေါကို ဂရုမစိုက်လို့တော့ မဟုတ်ဘူး။ သူ ရှင်သန်ဖို့ ရုတ်တရက် ပြောင်းလဲလိုက်တဲ့ သဘော။

mgyoe.com

mgyoe.com SAMPLE BOOK


"တော်တဲ့ ကောင်လေး" လို့ မီဂဲလ် ပြောရင်း ခွေးရဲ့ ခေါင်းကို ပွတ်သပ်ပေးလိုက်တယ်။ သူ့ရဲ့ အစောင့်အရှောက် နတ်သားလေးကိုး။ သူ ဒီခွေးလေးနဲ့ ရှိနေသရွေ့ ကံဆိုးမှုတွေကနေ ကာကွယ်ပြီးသား ဖြစ်မှာပါ။

"တာမွန်လား" လို့ မီဂဲလ်က ဂျပန်ငနဲ သုံးခဲ့တဲ့ နာမည်ကို စမ်းခေါ်ကြည့်တယ်။

တာမွန်က မော့ကြည့်တယ်။

"တာမွန်... ခုကနေ စပြီး မင်းက ငါ့ခွေး ဖြစ်သွားပြီ" လို့ မီဂဲလ်က အသိပေးလိုက်တယ်။

+

ကားက မနေ့က သူ ထားခဲ့တဲ့ ကိုယ်တိုင်ငွေရှင်းစနစ် ပါကင်ဝင်းထဲမှာ ရှိနေဆဲ။ မီဂဲလ်က ထွက်ပြေးလွတ်မြောက်ဖို့ ကားတစ်စီး လိုရမည်ရ သူကိုယ်တိုင် ပြင်ဆင်ထားတာ။ တာကာဟာရှိ အဲဒီအကြောင်း မသိသေးဘူး။

မီဂဲလ်က တစ်ပတ်ရစ် ဖောက်စ်ဝက်ဂွန် ကားတစ်စီး သူ့ဘာသာ ဝယ်ထားတာ။ တာမွန့်ကို ပစ္စည်းထားရာနေရာမှာ တင်လိုက်ပြီး ပါကင်ကြေး ပေးပြီးနောက် ကားစက်နှိုးတယ်။ သူတို့တွေ တိတ်တဆိတ် မောင်းထွက်လာတယ်။

တာမွန့် ကြည့်ရတာ အေးအေးဆေးဆေး။ ဒီခွေးက ထက်မြက်ရုံသာမက သတ္တိရှိပြီး အန္တရာယ်များတဲ့ အခြေအနေတွေမှာတောင် မတုန်လှုပ်ဘူး။ တောထဲမှာဆို ခေါင်းဆောင် ဖြစ်ခဲ့လောက်မယ်။ သူ့မှာ အဲဒီလို အရည်အချင်းမျိုး ရှိပါရဲ့။

မီဂဲလ်က အနောက်ဘက် လမ်းကြားတွေကြား ကွေ့ပတ်လာရင်း တောင်ဘက်ကို ဦးတည် မောင်းနေတယ်။ နေရာအသစ်ကို သူ ဝင်လာတိုင်း N စနစ်ရယ်၊ အခြားစောင့်ကြည့်ကင်မရာတွေရယ် စစ်ဆေးတယ်။ ရဲတွေ သူ့ကို ခြေရာခံမိသွားမယ့် အခြေအနေကို ပေးလို့ မဖြစ်ဘူး။

ဆန်ဒိုင်းမြို့ နယ်နိမိတ်ကနေ သူ ထွက်ပြီး အနီးအနားက နာတိုရီမြို့ကို ဝင်လာတဲ့အခါ အမြန်လမ်းအတိုင်း သူ မောင်းလာတယ်။ သတ်မှတ်အမြန်နှုန်းအတိုင်း တစ်သဝေမတိမ်း မောင်းရင်း နောက်ယောင်လိုက်ခံရလား ဆိုပြီး နောက်ကြည့်မှန်ကိုလည်း ပုံမှန် ကြည့်နေတယ်။ သူ ဘာမှ မတွေ့ရပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


ဟော်ဆေးနဲ့ ရစ်ကီတို့ အဖမ်းခံလိုက်ရပြီလို့ မီဂဲလ် ယူဆတယ်။ သူတို့တွေ အသက်ရှင်ကျန်ရစ်ရင် နှိပ်စက်ခံနေရလောက်ပေမဲ့ မီဂဲလ် ဘယ်ကို ထွက်ပြေးသွားလည်း သူတို့ မသိတော့ ပြောနိုင်ကြမှာ မဟုတ်ဘူး။

"ဆောရီးပါ ပါတနာတို့ရေ"

မီဂဲလ် သူ့နှုတ်ခမ်းမှာ စီးကရက် တေ့ပြီး မီးညှိတယ်။ ကားမှန်ကို ကျယ်ကျယ် ချလိုက်ပြီး ဆေးလိပ်ငွေ့တွေ ပစ္စည်းထားရာ နေရာကို မရောက်ဖို့ ဂရုစိုက်လိုက်တယ်။ ဆေးလိပ်သောက်တာဟာ လူသားတွေရဲ့ အကျင့်ဆိုးပဲ။ သူ ခွေးကို ဒုက္ခမပေးချင်ဘူးလေ။

"မင်း ဂျပန်တေါကို လွမ်းနေလား" လို့ မီဂဲလ်က တာမွန့်ကို သူ့ဘာသာစကားနဲ့ မေးတယ်။ တာမွန်က ရှေ့တူရူကိုပဲ ငေးနေတာ။ ပြန်စဉ်းစားကြည့်ရင် သူတို့တွေ အလုပ်လုပ်ခဲ့တဲ့ အခါတိုင်း တာမွန့်နှာခေါင်းက တောင်ဘက်ကိုပဲ အမြဲတစေ လှည့်နေခဲ့တာ။

ဒါဆို တာမွန်က တောင်ဘက်ကို သွားချင်တာပေ့ါ။

"မင်းက သူ့ခွေး မဟုတ်ဘူးလား။ တောင်ဘက်မှာ မင်းရဲ့ မိသားစု ရှိထာလား"

တာမွန့်ဆီက အဖြေ မရ။

+

မီဂဲလ်က ဖောက်စ်ဝက်ဂွန်ကို ကုန်မျိုးစုံဆိုင်မှာ ရပ်လိုက်တယ်။ ကားပါကင်ဝင်းထဲမှာ ကုန်တင်ကားတွေ တန်းစီရပ်ထားတယ်။ သူ ဆိုင်ထဲ ဝင်ပြီး ပေါင်မုန့်၊ အအေး၊ ခွေးစာ ဝယ်လိုက်တယ်။ ဝယ်လာသမျှကို ကားနောက်ခန်းထဲ ထည့်ပြီးနောက် သူပြာခွက်ရှိရာ လာပြီး စီးကရက် မီးညှိတယ်။ အဲဒီနောက် ဖုန်းခေါ်လိုက်တယ်။

"တာကာဟရှိ ငါ့ကို သစ္စာဖောက်သွားတယ်။ ဟော်ဆေးနဲ့ ရစ်ကီတို့တော့ သေရင် သေ၊ မသေရင် အဖမ်းခံရလောက်တယ်" လို့ မီဂဲလ်က ဖုန်းလိုင်းတစ်ဖက်က လူကို အင်္ဂလိပ်လို ပြောတယ်။

"မင်း အဲဒီမှာ ဘယ်လောက် ရခဲ့လဲ"

"ခိုးရသလောက်ရဲ့ ဝေပုံကျပဲပေ့ါ"

mgyoe.com

mgyoe.com SAMPLE BOOK


"သူတို့ လက်မလျှော့ဘူး ဆိုတာ ငါ ပြောရဲတယ်၊ တာကာဟာရှိနဲ့ သူ့ဂိုဏ်းက ပိုက်ဆံပြဿနာ ဖြစ်နေတယ်လို့ ကောလာဟလ ကြားရတယ်"

မီဂဲလ်က မနှစ်မြို့သလို စုတ်တစ်ချက် သပ်လိုက်တယ်။ ဖြစ်ပျက်ခဲ့သမျှရဲ့ အကြောင်းပြချက်က ဒါပဲဆိုတာ သူ ခန့်မှန်းမိလိုက်ပြီ၊ ဒါပေမဲ့ ဒါဟာ သက်သက်ညစ်ပတ်တာပဲ။

"ငါ ဒီနိုင်ငံက ထွက်ချင်တယ်၊ ကူညီဦး"

"မလွယ်ဘူးကွာ။ မင်း ကိုးရီးယားဖြစ်ဖြစ်၊ ရုရှားဖြစ်ဖြစ် ရောက်အောင် ဦးဆုံး သွားလိုက်ကွာ။ ပြီးရင် ငါ ကူညီနိုင်မယ်"

"ဒီက ထွက်လို့ ရသွားတာနဲ့ ငါ အကူအညီ မလိုတော့ဘူး"

"သိပါတယ်ကွာ။ ဒါပေမဲ့ မင်း ဂျပန်က ထွက်ဖို့ ငါ ကူညီနိုင်တာ ဘာမှမရှိလို့ကွာ"

"ကောင်းပြီ၊ ငါ ပြန်ဆက်သွယ်လိုက်မယ်"

မီဂဲလ် ဖုန်းချသွားတယ်။ သူ နောက်ထပ် စီးကရက်တစ်လိပ် နှုတ်ခမ်းမှာ တေ့ပြီး မီးညှိတယ်။ ဆေးလိပ်ငွေ့တွေ လေထဲ မှုတ်ထုတ်နေစဉ် သူ့ခေါင်းထဲမှာ ဂျပန်နိုင်ငံ မြေပုံကို မြင်ယောင်ပုံဖော်ရင်း တခြား ဘာအလုပ် ဖြစ်ဦးမလဲ စဉ်းစားရှာဖွေတယ်။ နိုင်ငံထဲက ထွက်သွားဖို့ နီဂါတက အကောင်းဆုံး နယ်မြေပဲ။ အဲဒီကနေဆို ရုရှားနဲ့ ကိုးရီးယားကျွန်းဆွယ်ကို ဝင်ဖို့ လွယ်သွားပြီ။

"နီဂါတ..."

သူ စီးကရက် ပစ်ချ၊ ကားဆီ ပြန်လာပြီး နောက်ခန်းထဲ ဝင်လိုက်တယ်။ တာမွန်က နှာတရှုံ့ရှုံ့လုပ်နေရဲ့။

"ဗိုက်ဆာနေပြီလား" လို့ မီဂဲလ်က သူ့ဘာသာစကားနဲ့ မေးလိုက်တယ်။

တာမွန်က နှာခေါင်းရှုံ့ပြတယ်။ မီဂဲလ်က ခွေးအစာထုပ်ကို ဖွင့်ပြီး စက္ကူပန်းကန်လုံးထဲ ထည့်ပေးပြီးနောက် ကားနောက်ခန်းရဲ့ ကြမ်းပြင်ပေါ် ချပေးတယ်။

တာမွန် အစာစ,စားတယ်။ သူ့နောက်ကျောဘက်က အမွေးတွေ နည်းနည်း ထောင်နေတာကို ကြည့်ရတာ သူဟာ အစာ အငမ်းမရ စားနေတုန်းတောင် နိုးနိုးကြားကြား ရှိနေဆဲပဲ ဆိုတာ သိရတယ်။ ဒီခွေးက မီဂဲလ်နဲ့ လမ်းပေါ်မှာပဲ ရှိလောက်တော့မယ်။ ဘာကြောင့်လဲဆိုတော့ အရာရာဟာ ပြောင်းလဲသွားတာကိုး။ ဒါပေမဲ့ မီဂဲလ် လှုပ်ရှားမှု အသစ်တော့ မစသေးပါဘူးလေ။

mgyoe.com

mgyoe.com

"မင်းက ထက်မြက်ပြီး သတ္တိရှိတဲ့ ခွေးလေးပဲ" လို့ မီဂဲလ် ရေရွတ်လိုက်တယ်။

"မင်းမှာ ကြီးမြတ်တဲ့ နှလုံးသား ရှိတာပဲကွာ"

မီဂဲလ်က တာမွန့်ကို သူ့ခွေးအဖြစ် အသည်းအသန် လိုချင်နေပြီ။ သူ ဘာယ်နည်းနဲ့မဆို တာမွန့်ကို သူ့ဘက်ပါအောင် သိမ်းသွင်းခဲ့ရတာပဲလေ။ တာမွန့်ကို သူ့အိမ် ခေါ်သွားဖို့ မီဂဲလ် စီစဉ်နေတယ်။ ဆိုလိုတာက ဒီနိုင်ငံကနေ လေယာဉ်နဲ့ မဟုတ်ဘဲ သင်္ဘောနဲ့ ထွက်မှ ဖြစ်မယ်။

"နီဂါတ..."

သူ ဒရိုင်ဘာဘက်ခြမ်းကို ဝင်ထိုင်ပြီး ကားစက်နှိုးလိုက်တော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

မီဂဲလ် ကားရပ်လိုက်တဲ့ နေရာကနေ ကမ်းခြေကို မြင်နေရတယ်။ ဆူနာမီရဲ့ အပျက်အစီးတွေက ကမ်းရိုးတန်းတစ်လျှောက် ပြန့်ကျဲနေရဲ့။ ပြင်းထန်တဲ့ ငလျင်ဖြစ်ပြီး ခြောက်လအကြာ မိနာမိဆိုမာမှာ ပြန်လည်ထူထောင်ရေးတွေ စတင်ရုံပဲ ရှိသေးတယ်။

မီဂဲလ်က တာမွန့်ကို အပြင်ထွက်စေပြီး လည်ပတ်ကြိုးကို ကိုင်ထားရင်း ကမ်းရိုးတန်း တစ်လျှောက် မလှမ်းချင့်လှမ်းချင် လှမ်းလာတယ်။ တာမွန်ကလည်း အတူလျှောက်ရင်း မီဂဲလ် ခြေလှမ်းနဲ့ ထက်ကြပ်မကွာ လိုက်ပြီး လည်ပတ်ကြိုး တင်းသွားတာမျိုး မရှိဘူး။

"တော်လိုက်တဲ့ ကောင်လေး" လို့ မီဂဲလ်က အင်္ဂလိပ်လို ပြောတယ်။

တာမွန်က ဘာတုံ့ပြန်မှုမှ မပေး။

"ဒါဆို တောင်ဘက်မှာ ဘယ်သူ ရှိတာလဲ"

အဓိပ္ပာယ်မရှိတဲ့ မေးခွန်းဆိုတာ သူ သိပေမဲ့ မမေးဘဲ မနေနိုင်။ တာမွန်က ပြန်ဖြေတဲ့အနေနဲ့ ခြေတစ်ဖက် မ,ပြီး မြက်ပင်တွေကြားထဲ သေးပန်းလိုက်လေရဲ့။

"မင်းသဘောပဲကွာ။ စောင့်ဦး။ မင်း ငါ့ကို အချိန်အကြာကြီး လျစ်လျူရှုလို့ မရဘူးနော်"

mgyoe.com